# ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
# ဖွဲ့စည်းပုံအခြေခံဥပဒေ
## (ဒုတိယမူကြမ်း)

# The Constitution of
# the Federal Republic of the Union of Burma
## (Second Draft)

ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး နှင့် ညှိနှိုင်းမှု ကော်မတီ

Federal Constitution Drafting and Coordinating Committee (FCDCC)

Adopted on 12th February 2008

ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)

သုတေသနနှင့် ဥပဒေရေးရာဌာန

မွမ်းမံဖြည့်စွက် တင်ပြထားသောအချက်များ (မူကြမ်း)

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်

# မာတိကာ


ဥယျောဇဉ် ............ ၁
နိဒါန်း (Preamble) ............ ၃
အခြေခံမူများ ............ ၅
အခန်း (၁) ဖက်ဒရယ်ပြည်ထောင်စု၏ ဝိသေသလက္ခဏာများ ............ ၆
အခန်း (၂) အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ ............ ၉
အခန်း (၃) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ ............ ၂၄
အခန်း (၄) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ............ ၂၉
အခန်း (၅) ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုခြင်း ............ ၄၁
အခန်း (၆) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ ............ ၅၀
အခန်း (၇) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ............ ၅၇
အခန်း (၈) ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး ............ ၆၃
အခန်း (၉) နိုင်ငံသားဖြစ်ခြင်း ............ ၇၀
အခန်း (၁၀) ရွေးကောက်ပွဲ နှင့် နိုင်ငံရေးပါတီများ ............ ၇၃
အခန်း (၁၁) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များ ............ ၇၆
အခန်း (၁၂) အရေးပေါ်အခြေအနေ ............ ၈၀
အခန်း (၁၃) အထွေထွေပြဋ္ဌာန်းချက်များ ............ ၈၆
အခန်း (၁၄) အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ ............ ၉၄
အခန်း (၁၅) ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ခြင်း ............ ၉၇

# ဥပဓေ္ဒဖဥ်

၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ နှင့် လူထုအခြေပြု အဖွဲ့ အစည်းများ (၄၂)ဖွဲ့တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များ စုစုပေါင်း (၁၀၆)ဦးတို့သည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံထားရှိရမည့်မူများ ချမှတ်နိုင်ရန် ပင်လုံစာချုပ်နှင့် အခြေခံမူ လမ်းစဉ်များ၊ ၁၉၆၁ ခုနှစ် တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်ခဲ့သော တိုင်ရင်းသားများ ညီလာခံက ချမှတ်ထားသော အခြေခံမူများ၊ NLD နှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) တို့၏ ၁၉၉၀ ခုနှစ် ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်၊ ၁၉၉၂ ခုနှစ် မာနယ်ပလောစာချုပ်၊ ၁၉၉၇ ခုနှစ် လော်ခီးလာ ထုတ်ပြန်ကြေညာချက်၊ ၁၉၉၈ ခုနှစ် သူးမွဲကလိုး ထုတ်ပြန်ကြေညာချက်များကို အခြေခံထားပြီး အကြိမ်ကြိမ်နှီးနှောဖလှယ်ပွဲကြီးများ ကျင်းပလာခဲ့ရာမှ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော နှီးနှောဖလှယ်ပွဲကြီးက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ရေးဆွဲရာတွင် အခြေခံမူ(၈)ချက်ကို သဘောတူချမှတ်နိုင်ခဲ့သည်။ ထို့အပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရန် (၁၅) ဦးပါဝင်သော ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းရေး ကော်မတီ (FCDCC) ကိုပါ ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

FCDCC သည် ၂၀၀၅ ခုနှစ်မှစ၍ ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးလုပ်ငန်းကို စတင်ပြုစုရေးဆွဲပြီး နှီးနှောဖလှယ်ပွဲများကျင်းပခြင်း၊ ထပ်မံဖြည့်စွက်ရေးဆွဲခြင်း

အကြိမ်ကြိမ် ကျင်းပပြုလုပ်ကာ နောက်ဆုံး ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့ ကျင်းပပြုလုပ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ နီးနှောဖလှယ်ပွဲကြီးတွင် ပြည်သူများကို ချပြရန် အဆင့်သင့်ရှိသော ဖက်ဒရယ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း)ကို အတည်ပြုနိုင်ခဲ့သည်။

FCDCC သည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေး လုပ်ငန်းအပြင် အခြေခံမူ(၄)ချက်[1] အခြေခံထားပြီး ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေး လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်လာခဲ့ သည်။ ဗမာပြည်နယ် ပေါ်ထွန်းရေး လေ့လာရေးအလုပ်အဖွဲ့ စုဖွဲ့လုပ်ဆောင်ခဲ့ခြင်းများ အပါအဝင် တိုင်းရင်းသားပြည်နယ်အများစုတွင်လည်း ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းများ ပြုစုနိုင်ခဲ့ကြသည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉)ရက်နေ့မှ ဩဂုတ်လ (၁)နေ့အထိ ကျင်းပပြုလုပ်ခဲ့သော တိုင်းရင်းသားလူမျိုးများကွန်ဖရင့်က FCDCC ဖက်ဒရယ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယ မူကြမ်း)ကို အခြေခံထားရှိပြီး အဆင့်ဆင့်သော လေ့လာရေး ကော်မတီများကို တာဝန်ပေးအပ်ခဲ့ရာ ယင်းကော်မတီများ၏ (၃)နှစ်ကာလ လေ့လာပြုစုထားသည့်အချက်များအပေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) သုတေသန နှင့် ဥပဒေရေးရာဌာနမှ ထပ်မံဖြည့်စွက်ချက်များ ပြုစုထားပါသည်။

FCDCC ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) စာသားများကို အနက်ရောင်ဖြင့် ဖော်ပြထားပြီး UNFC သုတေသန နှင့် ဥပဒေရေးရာဌာနမှ မွမ်းမံဖြည့်စွက်ထားသည့် အချက်ပါစာသားများကို အနီရောင်ဖြင့် ဖော်ညွှန်းတင်ပြထားပါသည်။

သုတေသန နှင့် ဥပဒေရေးရာဌာန

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)

# နိဒါန်း (Preamble)

လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှု တည်းဟူသော လောကပါလတရားကို ဦးထိပ်ထားလျှက် ကျွန်ုပ်တို့ ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံသားတို့သည် ငြိမ်းချမ်းသာယာဝပြော၍ ထာဝစဉ်အစွန့်ရှည် တည်တံ့ခိုင်မြဲမည့် ဖယ်ဒရယ် ပြည်ထောင်စုကို စုပေါင်းညီညာ တည်ဆောက်အံ့သောငှာ ဤဖယ်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းအပ်ပေသည်။

ဤဖယ်ဒရယ်ပြည်ထောင်စု နယ်မြေအတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာ နေထိုင်ခဲ့ကြပေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် သမိုင်းခေတ်အဆက်ဆက်တွင် သီးခြားလွတ်လပ်စွာနေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှ ကိုလိုနီနယ်ချဲ့၏ သိမ်းပိုက်မှုအောက်တွင် နှစ်ပေါင်းများစွာအတူတကွ ကျွန်ပြုခြင်း ခံခဲ့ကြရပါသည်။ ထို့ကြောင့်မိမိတို့ ဆုံးရှုံးခဲ့ကြသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ကို တပြိုင်တည်းလွတ်လပ်ရေးရယူပြီး အမျိုးသားများ တန်းတူ ပြည်ထောင်စုကြီးကို ထူထောင်ရန် ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီအခွင့်အရေးများကို ဦးတည်ရည်မှန်း၍ ပင်လုံစာချုပ်ကြီးတွင် ညီညာဖျဖျ လက်မှတ်ရေးထိုးခဲ့ကြပြီး လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိစေကာမှု၊ သက်ဆိုင်ရာ အာဏာပိုင်များက အကောင်အထည်ဖော် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည့်အတွက် ရာစုနှစ်ဝက်ကျော် ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ပြီးလူ့အသက် အိုးအိမ် စည်းစိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရလေသည်။ ထို့အပြင် ၁၉၆၂ ခုနှစ်မှ စ၍ အဆက်ဆက်သော အာဏာရှင်

စနစ်ဆိုးတို့ကြောင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ ဆိတ်သုဉ်းခဲ့ရသည် သာမက ၁၉၄၇ ခုနှစ်တွင် တန်းတူရေး အခြေခံမူဖြင့် ပြည်ထောင်စုအဖွဲ့ဝင် များဖြစ်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပါ ဆုံးရှုံးခဲ့ရလေသည်။ ထို့ကြောင့် ပြည်ထောင်စုသားအားလုံး ရင်နင့်ဖွယ် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံနှင့် ခါးသီးစွာ ခံစားခဲ့ရသော အဖြစ်အပျက် များကို ကျွန်ုပ်တို့သည် မေ့လျော့ခြင်းငှာ မပြုအပ်ပေ။

ထိုသို့သော အတိတ်ကာလ၏အမှားများကို ရှောင်လွှဲနိုင်ရန်နှင့် ကျွန်ုပ်တို့ အားလုံး၏ အနာဂတ်ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရန် အလို့ငှာ တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံရေးနှင့်လူမျိုးရေးအရ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရ ပြည်နယ်များဖြင့် ပြည်ထောင်စု ဖွဲ့စည်းရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကျား–မ တန်းတူရေးအပေါ် အာမခံရေး၊ တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးအတွက် အာမခံ ရေး၊ နိုင်ငံရေးနှင့်ဘာသာရေး ရောထွေးမှု ကင်းစင်ရေးနှင့် စစ်အာဏာရှင် စနစ် ထပ်မံမပေါ်လာစေရေးအတွက် အရပ်သား အုပ်ချုပ်ရေးအောက်တွင် စစ်တပ်ကိုထားရှိရေးအစရှိသော အခြေခံမူကြီးများကို ကျောရိုးမဏ္ဍိုင်ပြု၍ ရေးဆွဲပြဋ္ဌာန်းသည့် ဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ဖြစ်ပါသည်။

ထို့ကြောင့် ဤဖယ်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေ သည် လွပ်လပ်မှု၏ အသီးအပွင့်များကို မိမိတို့အတွက်သာမက နောင် လာနောက်သား သားစဉ်မြေးဆက်များအထိ ရရှိခံစားစေပြီး၊ အမှောင်ကို ခွင်း၍ အလင်းကိုဆောင်ဘိသကဲ့သို့ အတိတ်၏အနိဋ္ဌာရုံများကို လုံးဝ ပျက်ပျယ်ကွယ်ပျောက်စေလျှက် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင် သည့် လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင်သော ဖယ်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အမြင့်ဆုံး ဥပဒေအဖြစ် လိုက်နာကျင့်သုံးနိုင်ရန် အတွက် အခိုင်အမာ ပြဋ္ဌာန်းလိုက်သည်။

# အခြေခံမူများ

**၁။ အချုပ်အခြာအာဏာ** (Sovereign Power)

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

**၂။ တန်းတူရေး** (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရ ဖြစ် စေ တန်းတူရည်တူ အခွင့်အရေးရှိစေရမည်။

**၃။ ကိုယ်ပိုင်ပြဌာန်းခွင့်** (Self-determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍ အသီးသီးတွင် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

**၄။ ဖက်ဒရယ်ပြည်ထောင်စုမူများ** (Federal Principles)

ကိုယ်ပိုင်ပြဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့်ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော် နှစ်ရပ်ထားရှိရမည်။

**၅။ လူနည်းစုများ၏အခွင့်အရေးများ** (Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

**၆။ ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား-မ ဆိုင်ရာ တန်းတူညီမျှမှု** (Democracy, Human Rights, and Gender Equality)

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

**၇။ ဘာသာရေးကို အခြေမခံသောနိုင်ငံ** (Secular State)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

**၈။ ပါတီစုံဒီမိုကရေစီစနစ်** (Multi-party Democracy System)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

# အခန်း(၁)
# ဖက်ဒရယ်ပြည်ထောင်စု၏ဝိသေသလက္ခဏာများ

**ပုဒ်မ(၁) ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏အမည်နာမ**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် ဒီမိုကရေစီနိုင်ငံဖြစ်ပြီး ဘာသာရေးကို အခြေမခံသည့် နိုင်ငံဖြစ်သည်။ ယင်းကို 'ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ' ဟု ခေါ်တွင်စေရမည်။

**ပုဒ်မ (၂) အမျိုးသားရေးလက္ခဏာ**

ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်း နေထိုင်သောနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည်။ ထိုတိုင်းရင်းသားလူမျိုးများသည် မတူညီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများရှိကြသော်လည်း တူညီသော ရည်မှန်းချက် ပန်းတိုင်အားဖြင့် ညီညွတ်ကြပြီး တန်းတူရည်တူရှိသည့် ပြည်ထောင်စုအဖြစ် လက်တွဲသွားရန် ကတိပြုကြသည်။

**ပုဒ်မ (၃) ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏နယ်နိမိတ်**

ဖက်ဒရယ်ပြည်ထောင်စု၏ မြေထု၊ ရေထု၊ လေထုနယ်နိမိတ်သည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် တည်ရှိသည့် အတိုင်း ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များအားလုံး၏ သဘောတူညီချက် မပါရှိဘဲ ဖက်ဒရယ်ပြည်ထောင်စု၏ နယ်နိမိတ်ကို ပြင်ဆင်ခြင်း မပြုစေရ။

## ပုဒ်မ (၄) ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏အချုပ်အခြာအာဏာ

(က) ဖက်ဒရယ်ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော တိုင်းပြည် ဖြစ်သည်။ အချုပ်အခြာအာဏာသည် ဖယ်ရှား၍မရသလို လွှဲပြောင်း၍လည်းမရချေ။ ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် နိုင်ငံသားတို့ထံမှ ဆင်းသက်လာပြီး နိုင်ငံသားတို့၏ လက်ဝယ်၌ တည်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့၏ကိုယ်စားလှယ်များမှတဆင့် ခံယူကျင့်သုံးပြီး ယင်း ကိုယ်စားလှယ်များကို ပုံမှန်ကျင်းပမြဲဖြစ်သော လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲများမှတဆင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် နိုင်ငံသားတို့က ရွေးချယ်ခန့်အပ်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားရုံးဌာနက ကျင့်သုံးစေရမည်။

## ပုဒ်မ (၅) အာဏာခွဲခြားမှု

(က) အချုပ်အခြာအာဏာ၏ ပင်မ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ နှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲခြားကျင့်သုံးစေရမည့်အပြင် အာဏာတစ်ရပ်နှင့်တစ်ရပ်အကြားအပြန်အလှန် ထိန်းညှိမှု ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးစေရမည်။

## ပုဒ်မ (၆) နိုင်ငံတော်ဖွဲ့စည်းပုံ

ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်း တည်ထောင်ထားသည်။

## ပုဒ်မ (၇) ဘာသာရေးကိုအခြေမခံသောနိုင်ငံ

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဘာသာရေးကို အခြေခံသော နိုင်ငံမဖြစ်စေရ။ ဘာသာရေးနှင့်နိုင်ငံရေး ရောထွေးမှု ကင်းစင်စေရမည်။

(ခ) ဤနိုင်ငံတွင် မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် မပြဋ္ဌာန်းရ။

## ပုဒ်မ (၈) အမြင့်ဆုံးဥပဒေ

ဖက်ဒရယ်ပြည်ထောင်စုတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံး ဥပဒေ ဖြစ်သည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီသော မည်သည့် အခြား ဥပဒေသည် အလိုအလျောက် ပျက်ပြယ်စေရမည်။

## ပုဒ်မ (၉) နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများ

ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် နိုင်ငံတကာဥပဒေဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာစောင့်ထိန်းရမည်။ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် မိမိပါဝင်သည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် နှင့် စာချုပ်စာတမ်းပါ လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည်။ ၎င်းသည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ကုလသမဂ္ဂ စာချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းမူဝါဒများနှင့်အညီ ထိန်းသိမ်း စောင့်ရှောက်ရမည်။

# အခန်း(၂)
# အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ

## အခြေခံအခွင့်အရေးများ

**ပုဒ်မ (၁၀) ကိုယ်ပိုင်အခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် –

(က) အသက်ရှင် ရပ်တည်ပိုင်ခွင့် ရှိစေရမည်။

(ခ) လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ အသက်အရွယ်၊ လိင်နှင့် လိင်စိတ် ကွဲပြားမှုများကြောင့် ခွဲခြားမှု မရှိစေရဘဲ တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရှိစေရမည်။

(ဂ) လွတ်လပ်စွာတွေးခေါ်ယုံကြည်ခွင့် ရှိစေရမည်။

(ဃ) လူပုဂ္ဂိုလ်တစ်ဦးအဖြစ် တရားဝင် အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး၊ လူ့ဂုဏ် သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ပေးမှု ရယူပိုင်ခွင့် ရှိစေရ မည်။

(င) လူမျိုး၊ ဇာတိ၊ ကိုးကွယ်သည့်ဘာသာ၊ အသားအရောင်၊ လူမှုအဆင့်အတန်း၊ နိုင်ငံရေး ယုံကြည်မှု၊ အသက်အရွယ်၊ လိင် နှင့် လိင်စိတ်ကွဲပြားမှုတို့အပေါ်အခြေခံ၍ ခွဲခြားဆက်ဆံမှုများ မရှိစေရ။

## ပုဒ်မ (၁၁) အခြေခံလွတ်လပ်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို –

(က) ကျွန်ပြုခြင်း မခံစေရ။

(ခ) အတင်းအဓမ္မ စေခိုင်းခံရခြင်း မရှိစေရ။

(ဂ) နှိပ်စက်ညှင်းပမ်းခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုပြုခြင်း၊ လူမဆန်သော ရက်စက်စွာပြုမှု ဆက်ဆံခြင်း မခံစေရ။

## ပုဒ်မ (၁၂) ရုပ်သိမ်းပိုင်ခွင့် မရှိသော အခွင့်အရေးများ

အထက် ပုဒ်မ (၁၀) ပါ ကိုယ်ပိုင်အခွင့်အရေးများနှင့် ပုဒ်မ (၁၁)ပါ အခြေခံ လွတ်လပ်ခွင့်များကို မည်သည့် အခြေအနေအောက်တွင်မျှ ရုပ်သိမ်းပိုင်ခွင့် မရှိစေရ။

## ပုဒ်မ (၁၃) ထုတ်ဖော်ပြောဆိုပြသခွင့်ဆိုင်ရာ အခြေခံရပိုင်ခွင့်များ

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် –

(က) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ သတင်းဖြန့်ချီခွင့် ရှိစေရမည်။

(ခ) လွတ်လပ်စွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ရှိစေရမည်။

(ဂ) နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့် ရှိစေရမည်။

(ဃ) ဤပုဒ်မပါ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဒီမိုကရေစီ အခြေခံမူများ၊ ကျင့်စဉ်များကို ဆန့်ကျင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေနိုင်ခြင်းများ ဖြစ်ပေါ်လာပါက ကန့်သတ်ဟန့်တားသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းနိုင်စေရမည်။

## ပုဒ်မ (၁၄) ဘာသာရေးလွတ်လပ်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုတွင်နေထိုင်သောသူတိုင်းသည် မိမိရွေးချယ်ရာ ဘာသာကို အစိုးရမှ ဝင်ရောက် စွက်ဖက်ခြင်းမရှိဘဲ လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိပြီး မည်သည့်ဘာသာကိုမျှ မကိုးကွယ်ဘဲ လွတ်လပ်စွာ

ရွေးချယ်နိုင်သည်။ ဝတ်ပြုကိုးကွယ်သောနေရာများသည် လွတ်လပ်ပြီး အစိုးရ၏ စွက်ဖက်မှု မရှိစေရ။ ကိုးကွယ်သူများသည် ၎င်းတို့အတွက် သင့်တော်သည့် ကိုးကွယ်ခြင်းများကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ရှိစေရမည်။ စာရင်းစစ်တမ်းကောက်ချက်အား ရည်ရွယ်၍မေးသော ဘာသာရေးဆိုင်ရာ မေးခွန်းများမှအပ မည်သူမျှ ၎င်းတို့ ယုံကြည်သက်ဝင်ရာ ဘာသာနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဝတ်ပြုပုံ နှင့်ပတ်သက်၍သော်လည်း ကောင်း မည်သည့်အာဏာပိုင်မှ ၎င်းတို့အား ယိုးစွပ် မေးမြန်းခြင်း မရှိစေရ။ ထို့အပြင်မည်သူမျှ ၎င်းတို့ ယုံကြည်သက်ဝင်ရာ ဘာသာရေးနှင့် ပတ်သက်၍ သက်သေထွက်ဆိုရန် အဓမ္မ ခိုင်းစေမှုမရှိစေရ။

## ပုဒ်မ (၁၅) ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေးများ

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို –

(က) မိမိ၏ နေအိမ်၊ မိသားစု စာပေးစာယူ အပါအဝင် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ဥပဒေနှင့်အညီ မဟုတ်သော နှောင့်ယှက်ခြင်း၊ မိမိ၏ သိက္ခာနှင့် ဂုဏ်သတင်းကို ဥပဒေနှင့်အညီ မဟုတ်သောနည်းဖြင့် ထိခိုက်ခြင်း မခံထိုက်စေရ။

(ခ) ဥပဒေနှင့် မညီသောနည်းဖြင့် လူပုဂ္ဂိုလ်ကို ရှာဖွေခံရခြင်း၊ နေအိမ် ဥပစာအတွင်း ဝင်ရောက်ရှာဖွေခံရခြင်းတို့နှင့် ၎င်းတို့ ပိုင်ဆိုင်သည့် ပစ္စည်း သိမ်းယူခံရခြင်း မရှိစေရ။

## ပုဒ်မ (၁၆) ကျား – မ တန်းတူ အခွင့်အရေး

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မိသားစု အစရှိသည့် နယ်ပယ်အသီးသီး၌ ကျား–မ တန်းတူအခွင့်အရေး ရှိစေရမည်။

## ပုဒ်မ (၁၇) နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြဋ္ဌာန်းချက်များနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း

(၉)ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့် ရှိသည်။

# နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

**ပုဒ်မ (၁၈) လွတ်လပ်စွာ သွားလာခွင့်**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ပြည်ထောင်စုအတွင်း လွတ်လပ်စွာသွားလာခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ပြည်ထောင်စုမှ ပြည်ပသို့ ထွက်ခွာခွင့်၊ ပြည်ပမှ ပြည်ထောင်စုသို့ ပြန်လည်ဝင်ရောက်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၉) လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေး**

(က) အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်း မခွဲခြားဘဲ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ လက်ထပ်ပိုင်ခွင့် ရှိစေရမည်။

(ခ) လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ဘာသာရေးတရားနှင့် လူမျိုးသဏ္ဍာန် ရွေးချယ်မှုအခွင့်အရေးကို အလိုအလျောက်ပြောင်းလဲခြင်း မဖြစ်စေရ။ မိမိ၏လွတ်လပ်သော ဆန္ဒသဘောထားအရသာလျှင် ဖြစ် စေရမည်။

**ပုဒ်မ (၂၀) နိုင်ငံရေး အခွင့်အရေး**

အရွယ်ရောက်သူ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် –

(က) တိုက်ရိုက် သော်လည်းကောင်း၊ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှတဆင့် သော်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) လွတ်လပ်သော ဆန္ဒဖော်ပြမှုကို အာမခံသည့် လျှို့ဝှက်၊ တိုက်ရိုက်၊

လွတ်လပ်၍ တရားမျှတမှုရှိသော ပုံမှန် အထွေထွေ ရွေးကောက်ပွဲများတွင် သော်လည်းကောင်း၊ အခါအားလျော်စွာ ကျင်းပသော ရွေးကောက်ပွဲများတွင် သော်လည်းကောင်း ဤဖွဲ့စည်းပုံ၏ အခန်း(၆) နှင့် အခန်း (၁၀)ပါ ပြဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၂၁) အဖွဲ့အစည်းများ တည်ထောင်ခွင့်

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည်

(၁) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဌာန်းသော ဥပဒေနှင့်အညီ လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခွင့်၊ သမဂ္ဂများ ထူထောင်ခွင့် နှင့် ပါဝင်ခွင့် ရှိစေရမည်။

(၂) မည်သူမျှ အသင်းအဖွဲ့တစ်ခုခုသို့ ဝင်ရောက်ရန် အတင်းအကျပ် ပြုမူခံရခြင်း မရှိစေရ။

(ခ) နိုင်ငံရေးပါတီများကို အခြေခံဒီမိုကရေစီလမ်းစဉ်များ၊ အခြေခံဒီမိုကရေစီ လုပ်ထုံးများ နှင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၂၂) ဖမ်းဆီးချုပ်နှောင်ခံရသူ၏ အခွင့်အရေး

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူမည်သူမျှ ပြစ်မှုကျူးလွန်သည်ဟု ထင်မြင်ယူဆနိုင်ဘွယ်ရာ ခိုင်လုံသောအကြောင်းနှင့် တရားသူကြီးတစ်ဦးဦးမှ ထုတ်ထားသော ဖမ်းဝရမ်းမရှိဘဲ သံသယဖြင့် ချုပ်နှောင်ခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်း မရှိစေရ။

(ခ) ဖမ်းဆီးခံရသူ (သို့မဟုတ်) ချုပ်နှောင်ခံရသူတိုင်းကို လူ့ဂုဏ်သိက္ခာနှင့်အညီ လေးစားမှုဖြင့် ဆက်ဆံရမည်။

(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူ မည်သူ့ကိုမဆို ဝရမ်းအရမဟုတ်လျှင် (၂၄)နာရီထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။ (၂၄) နာရီထက် ကျော်လွန်၍ ချုပ်နှောင်ရန် လုံလောက်သော

အကြောင်းရှိလျှင် အာဏာ ရှိသည့် သက်ဆိုင်ရာ အနီးဆုံးတရားရုံးသို့ အစီရင်ခံတင်ပြပြီး တရားသူကြီးတစ်ဦးဦး၏ ချုပ်မိန့်ဖြင့်သာ တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၂၃) ပြစ်မှုဆိုင်ရာစွဲဆိုခြင်း

(က) မည်သူမဆို ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရပါက –

(၁) အဆိုပါပြစ်မှုနှင့် စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိ ကြားသိ စေရမည်။

(၂) အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်။

(၃) တရားစွဲဆိုခြင်းခံရသူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရန် အတင်းအကြပ်ပြုခြင်း မခံစေရ။

(၄) ဥပဒေနှင့်အညီ ခုခံချေပခွင့်အပြည့်အဝ ရှိစေရမည်။

(၅) တရားစွဲဆိုခြင်းခံရသူ၏ ကိုယ်စား ဥပဒေအကျိုးဆောင်ငှားရမ်းထုချေပိုင်ခွင့် (သို့မဟုတ်) ငှားရမ်းရန် အခက်အခဲရှိလျှင် ဥပဒေ အကျိုးဆောင်အား အစိုးရမှ အခမဲ့ငှားရမ်းပေးသည့် အခွင့်အရေး ရှိစေရမည်။

(၆) တရားစွဲဆိုခြင်းခံရသူ နားလည်နိုင်သော ဘာသာစကားဖြင့် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့် ရှိစေရမည်။ ယင်းသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက စကားပြန်၏ အကူအညီကို ရယူပိုင်ခွင့် ရှိစေရမည်။

(ခ) ဥပဒေအရ ထိခိုက်နစ်နာသူနှင့် သက်သေများ၏ အခွင့်အရေး (သို့မဟုတ်) တိုင်းပြည်လုံခြုံရေးကို ကာကွယ်ရန်စသည့် ဥပဒေတားမြစ်ချက်များမှအပ အများပြည်သူအတွက် ပွင့်လင်းမြင်သာမှုရှိသော တရားစီရင်ရေး ဖြစ်ရမည်။

## ပုဒ်မ (၂၄) တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်

(က) ပြစ်မှုဖြစ်ပွားစဉ် အချိန်ကာလ၌ အတည်ဖြစ်နေသော တရားဥပဒေ

အရသာ စီရင်ရမည်။

(ခ) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များ မချမှတ်ရ။

(ဂ) တရားသေလွှတ်ခြင်းခံရပြီးသူ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆိုပါ ပြစ်မှုအတွက် ထပ်မံစစ်ဆေး စီရင်ခြင်း မပြုရ။

(ဃ) မည်သူမဆို ပြစ်မှုတစ်ခုအတွက် တစ်ကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်း မခံစေရ။

(င) မည်သည့် ဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ။

(စ) အမှုရင်ဆိုင်နေရသူတိုင်းသည် ၎င်း၏ရှေ့နေနှင့် လျှို့ဝှက်စွာ ဆက်ဆံပြောဆိုနိုင်သော အထူးအခွင့်အရေးရှိပြီး ထိုဆက်ဆံပြောဆိုခြင်းကို အစိုးရမှဖြစ်စေ၊ အတိုက်အခံဖက်မှဖြစ်စေ ဝင်ရောက်နှောင့်ယှက်ခြင်း မရှိစေရ။

(ဆ) အမှုရင်ဆိုင်နေရသူတိုင်းသည် တရားစွဲဆိုသူကိုဖြစ်စေ၊ ဆန့်ကျင်ထွက်ဆိုသော သက်သေကိုဖြစ်စေ ဆန့်ကျင်ရင်ဆိုင်ပြီး တန်ပြန်မေးခွန်းထုတ်နိုင်သည့်အပြင် တင်ပြလာသော သက်သေ အထောက်အထားများကိုလည်း မေးခွန်းထုတ်နိုင်သည်။

(ဇ) အမှုနှင့်ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံရသူတိုင်းသည် ထိုစီရင်ချက်ကို ပြန် လည်သုံးသပ်ရန် အဆင့်ပိုမြင့်သော တရားရုံးတစ်ခုခုထံသို့ အယူခံဝင် ပိုင်ခွင့်ရှိသည်။

# စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်များ

## ပုဒ်မ (၂၅) ပစ္စည်းပိုင်ဆိုင်ခွင့်

(က) နိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပုဂ္ဂလိကပိုင် ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊

အမွေ ဆက်ခံပိုင်ခွင့် ရှိရမည်။

(ခ) နိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူ အကျိုး အလို့ငှာ ဥပဒေနှင့်အညီ ရုပ်သိမ်းမှု ပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏ ပုဂ္ဂလိကအကျိုးနှင့် အများပြည်သူတို့၏အကျိုး ကို တရားမျှတစွာ ချိန်ဆ၍ ထိုက်တန်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့် ရှိစေရမည်။

(၁) ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးသည် ပုဂ္ဂလိက ပစ္စည်းဥစ္စာ အရုပ်သိမ်းခံရသူ၏ ထိခိုက်နစ်နာမှုထက် သာလွန်ကြောင်း ပြနိုင်ရမည်။

(၂) အများပြည်သူအကျိုးကို စီစစ်ရာတွင် လူတစ်ဦး၊ လူတစ်စု ကိုသာ အကျိုးပြုသည့် အရာများကို မထည့်သွင်းရ။

(၃) ပစ္စည်းဥစ္စာရုပ်သိမ်းခံရသူ၏ ထိခိုက်နစ်နာမှုကို စီစစ်ရာတွင် ထို ရုပ်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာမည့် ယဉ်ကျေးမှုနှင့် လူမှုအသိုင်း အဝန်းဆိုင်ရာ ထိခိုက်နစ်နာမှုအားလုံးကို ထည့်သွင်းစီစစ်ရမည်။

(ဂ) ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုခုကြောင့် ထိခိုက်နစ်နာမှုရှိသော လူမှုအ သိုင်းအဝန်းသည် ထိုစီမံကိန်းနှင့်ပတ်သက်သော အစိုးရ၏ဆုံး ဖြတ်ချက် ဖြစ်စဉ်များတွင် ပါဝင်ခွင့်ရှိစေရမည်။ ထိုသို့ပါဝင်ခွင့် ရှိသည်ဟု ဆိုရာတွင် စီမံကိန်းကို အဆိုပြုပြီးဖြစ်ကြောင်းကို ချက် ချင်းသိရှိခွင့်ရှိရန်၊ ထိုစီမံကိန်းနှင့် ပတ်သက်၍ သတင်းအချက် အလက် အသေးစိတ်များကို ရယူသိရှိပိုင်ခွင့်ရှိရန်၊ ထိုစီမံကိန်း ဆိုင်ရာ ဆုံးဖြတ်ချက် ဖြစ်စဉ်များတွင် ပါဝင်ပြောဆိုခွင့်ရှိရန် နှင့် နောက်ဆုံးဆုံးဖြတ်ချက်ကို တရားရုံးများတွင် တင်ပြမေးမြန်းခွင့် ရှိရန် စသည်တို့ကို ဆိုလိုသည်။

### ပုဒ်မ (၂၆) အလုပ်လုပ်ပိုင်ခွင့်

နိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ လိင်စိတ်ကွဲပြားမှု၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ် ခွဲခြားခြင်း

မရှိစေဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

**ပုဒ်မ (၂၇) စီးပွားရှာဖွေခွင့်**

(က) နိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားဆိုင်ရာ အဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ပိုင်ခွင့် ရှိသည်။

(ခ) အထက်အပိုဒ် (က)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများ၊ နိုင်ငံတော် လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

**ပုဒ်မ (၂၈) တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်**

နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၂၉) မိရိုးဖလာ အမွေအနှစ် ပိုင်ဆိုင်ခွင့်**

မိရိုးဖလာ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်း ပိုင်ဆိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၃၀) ပညာသင်ကြားပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် –

(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့် ရှိသည်။

(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိစေ

ရမည်။

(ဂ) အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့သင်ကြားခွင့် ရရှိစေရမည်။

**ပုဒ်မ (၃၁) အခြေချနေထိုင်ခွင့်**

နိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်း တို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရမည်။

**ပုဒ်မ (၃၂) ပညာသင်ကျောင်းများ တည်ထောင်ခွင့်**

ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သိပ္ပံနှင့်အသက်မွေးဝမ်းကြောင်းဆိုင်ရာ အဆင့်မြင့်ပညာသင်ကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။

**ပုဒ်မ (၃၃) ကျန်းမာရေးဆိုင်ရာအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် အခြေခံကျန်းမာရေးအဆင့်တွင် ကာကွယ်စောင့်ရှောက်မှုနှင့် ကုသမှုကို အခမဲ့ ရယူခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု၊ အသက်နှင့် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံ ထားရှိမှုနှင့် လူမှုဖူလုံရေးအတွက် စီမံထားရှိမှုတို့ကို ဖက်ဒရယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိ၏ မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ခံပိုင်ခွင့် ရှိစေရမည်။

(ဃ) ပုဒ်မ ၃၃ (ဂ) ပါ မျိုးပွားခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၃၄) ယဉ်ကျေးမှုအခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိတို့၏ တိုင်းရင်းသား ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာများကို တိုးတက်ပြန့်ပွားအောင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၃၅) တိုင်းရင်းသားဘာသာစကား**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် သင်ယူပိုင်ခွင့်ရှိပြီး တိုးတက်ပြန့်ပွားအောင် ရေးဆွဲ၊ သင်ကြား၊ မြှင့်တင်ပိုင်ခွင့် ရှိစေရမည်။

# အထူးစီမံဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးများ

**ပုဒ်မ (၃၆) ကလေးများအခွင့်အရေး**

(က) ကလေးငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ကလေးငယ်တိုင်းသည် အမျိုးသားထုတစ်ရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင်မပြုလုပ်ရ။ ကလေးတို့ကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝအခွင့်အရေး ဖြစ်သည်။ အကယ်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့က ဝတ္တရားပျက်ကွက်လျှင် သော်လည်းကောင်း၊ တစ်နည်းနည်းကြောင့် ကလေးများ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့် အခြေအနေမျိုးတွင်သော် လည်းကောင်း၊ ကလေးများအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ကလေးများကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်စောင့်ရှောက်မှု ပြုရမည်။ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက်အန္တရာယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ တစ်ခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ကလေးများအခွင့်အရေး ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၃၇) အလုပ်သမားအခွင့်အရေး

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေး အတွက် –

(၁) သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများ ရရှိခွင့်

(၂) လူမှုဖူလုံရေးခံစားခွင့်

(၃) မျှတသော အလုပ်ချိန်သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့်

(၄) အားလပ်ရက်နှင့် ခွင့်ရက်များခံစားခွင့်

(၅) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာတည်ထောင်ဖွဲ့စည်းခွင့်နှင့် စည်းရုံးခွင့်များ ရရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အလုပ်သမားအခွင့်အရေး ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၃၈) တောင်သူလယ်သမားအခွင့်အရေး

တောင်သူလယ်သမားတိုင်းသည် –

(၁) သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊

(၂) အခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်၊

(၃) တောင်သူလယ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့် ရှိစေရမည်။

### ပုဒ်မ (၃၉) တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း

ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော တိုင်းရင်းသားလူမျိုးစုများအတွက်ဖြစ်စေ၊ စွမ်းဆောင်နိုင်မှုအခြေအနေ နိမ့်ပါးလျက်ရှိသော နိုင်ငံသားအစုအဖွဲ့များ အတွက်ဖြစ်စေ၊ ထုံးတမ်းစဉ်လာများအရ နှိမ့်ချဖယ်ကြဉ်ခြင်း ခံထားရသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူး စီမံဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေး ခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေး ရရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

# အထွေထွေအခြေခံမူများ

### ပုဒ်မ (၄၀) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်း လွတ်စေရမည့်အပြင် သဘာဝတရားနှင့်ကိုက်ညီ၍ ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိရန် အခွင့်အရေး ရှိ သည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာ ဒေသအတွင်း သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံ ဇာတများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်း ချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် အသိအမှတ် ပြုရမည်။

### ပုဒ်မ (၄၁) လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားခွင့်

(က) သီးခြားလွတ်လပ်သော လူ့အခွင့်အရေးကော်မရှင် တစ်ရပ်ကို ဥပ ဒေအရ ဖွဲ့စည်းရမည်။ ထိုကော်မရှင်သည် လူ့အခွင့်ရေးနှင့် ပတ်

သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အမှုဖွင့်ခြင်း၊ သုတေသနပြုခြင်း၊ ပညာပေးခြင်း၊ စည်းရုံးရေးဆင်းခြင်း၊ အကြံပေးခြင်း၊ ဥပဒေပြုရေးတွင် အထင်အမြင်ပေးခြင်း နှင့် လိုအပ်သော ဥပဒေပြုရန် အဆိုတင်သွင်းခြင်း စသည့်လုပ်ပိုင်ခွင့်များရှိပြီး ဤဖွဲ့စည်းပုံမှ အာမခံထားသော အခွင့်အရေးများ၊ နိုင်ငံတကာဥပဒေမှ အာမခံထားသော အခွင့်အရေးများကို မြှင့်တင်ရေးနှင့်အကာအကွယ်ပေးရေးတို့တွင် ပျက်ကွက်မှုများရှိလာပါက တိုင်ကြားအရေးယူခွင့်ရှိသည်။

(ခ) လူ့အခွင့်အရေးဖောက်ဖျက်ခံရသူ မည်သူမဆို ဖက်ဒရယ် ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခွင့် ရှိစေရန်အတွက် လူ့အခွင့်အရေး ကော်မရှင်ထံသို့ တိုင်ကြားခွင့် ရှိစေရမည်။

## ပုဒ်မ (၄၂) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အကာအကွယ် ရယူခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ်ကို ရယူရန် လိုအပ်သောအခါ၌ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

(ခ) ဤအခွင့်အရေးကို မည်သည့်အခြေအနေတွင်မျှ ရပ်ဆိုင်းထားခြင်း မရှိစေရ။

## ပုဒ်မ (၄၃) ဖက်ဒရယ်ပြည်ထောင်စု၏ အကာအကွယ် ရယူခြင်း

နိုင်ငံသားတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ ဖက်ဒရယ် ပြည်ထောင်စုပြင်ပ၌ဖြစ်စေ ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို ဥပဒေနှင့်အညီ တောင်းဆိုပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၄၄) အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအား တိုက်ရိုက်ကိုးကား ကျင့်သုံးခွင့်

ဖက်ဒရယ်ပြည်ထောင်စုက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို ဖက်ဒရယ်တရားရုံးများက ဤဖွဲ့စည်းပုံပါ ပုဒ်မ ၁၇၅ နှင့်အညီ တိုက်ရိုက်ကိုးကား ကျင့်သုံးပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၄၅) တာဝန်များ

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် –

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်ရန် တာဝန်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန် နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။

# အခန်း (၃)
# ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ

**ပုဒ်မ (၄၆) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များဆိုင်ရာ အခြေခံမူများ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝ ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်များ၊ အမျိုးသားများ ပြည်နယ်နှင့် ဖက်ဒရယ် ပြည်ထောင်စုနယ်မြေများဖြင့် ဖွဲ့စည်းစေရမည်။

**ပုဒ်မ (၄၇) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်နှင့် ဖက်ဒရယ်ပြည်ထောင်စု နယ်မြေများ**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ –

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်နှင့် အမျိုးသားများ ပြည်နယ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ကချင်အမျိုးသားပြည်နယ်
(၂) ကရင်အမျိုးသားပြည်နယ်
(၃) ကရင်နီအမျိုးသားပြည်နယ်
(၄) ချင်းအမျိုးသားပြည်နယ်
(၅) ဗမာအမျိုးသားပြည်နယ်
(၆) မွန်အမျိုးသားပြည်နယ်
(၇) ရခိုင်အမျိုးသားပြည်နယ်

(၈) ရှမ်းအမျိုးသားပြည်နယ်
(၉) တနင်္သာရီအမျိုးသားများပြည်နယ်
(၁၀) ဇရာဝတီအမျိုးသားများပြည်နယ်
(၁၁) ဝ အမျိုးသား ပြည်နယ်
(၁၂) ချင်းတွင်းအမျိုးသားများ ပြည်နယ်

(ခ) ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများ –
ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများမှာ အောက်ပါအတိုင်း ဖြစ်သည်။
(၁) ဖက်ဒရယ်ပြည်ထောင်စုမြို့တော်
(၂) ---------------------

**ပုဒ်မ (၄၈) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ အခွင့်အာဏာ**

အဖွဲ့ဝင် ပြည်နယ်များသည် အောက်ပါလုပ်ပိုင်ခွင့်အာဏာများ တန်းတူရှိသည်။ ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံနှင့်အညီ ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၄၉) လူနည်းစုတိုင်းရင်းသား အခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အတွင်းရှိ လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။
(ခ) လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အမျိုးသားနယ်မြေများ လိုအပ်သလို ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေများတွင်သတ်မှတ် ပြဋ္ဌာန်းပေး ရ မည်။
(ဂ) အမျိုးသားပြည်နယ်အဆင့် မရရှိသေးသော တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ၎င်းတို့နေထိုင်ရာ ပြည်နယ်တစ်ခုတွင်း၌ဖြစ်စေ၊

ပြည်နယ်များအတွင်း၌ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (သို့မဟုတ်) အမျိုးသားနယ်မြေအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုပိုင်ခွင့် ရှိစေရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာ ပြည်နယ်တွင်းနေထိုင်သူ ပြည်သူဦးရေ ငါးသောင်းက လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင်ဖြစ်စေ၊ အမျိုးသားနယ်မြေများ သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာနယ်မြေအတွင်း နေထိုင်သူ နိုင်ငံသားငါးထောင်က လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ ပြည်ထောင်လွှတ်တော်က ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အဆုံးဖြတ်ပြုရမည်။

## ပုဒ်မ (၅၀) ပြည်နယ်သစ်များ ဖွဲ့စည်းပိုင်ခွင့်

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်းရှိ တဆက်တစပ်တည်းရှိသော ဒေသများကိုအခြေခံ၍သော်လည်းကောင်း၊ ပြည်နယ်တစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ပြည်နယ်အတွင်းရှိ တဆက်တစပ်တည်း ရှိသောဒေသများကို ပေါင်းစပ်၍သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များကို အောက် ပါပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။

(၁) တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုးသည် မိမိတို့၏ ကိုယ်ပိုင်ထင်ရှားချက်ဖြစ်သော ပထဝီဒေသနှင့် သမိုင်းကြောင်းအရ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ် တစ်ခုအဖြစ် နေထိုင်လိုသော ဆန္ဒရှိကြောင်း၊ ပြည်နယ်သစ် ဖွဲ့စည်းလိုသော တိုင်းရင်းသား လူမျိုးစုများ နေထိုင်ရာ ဒေသအတွင်းရှိ ပြည်သူလူထု၏ (၃၀) ရာခိုင်နှုန်း ထောက်ခံမှုဖြင့် သက်ဆိုင်ရာပြည်နယ်လွှတ်တော် (သို့မဟုတ်) ပြည်နယ်များ၏ လွှတ်တော်များထံသို့ ပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို တင်သွင်းရမည်။

(၂) ထိုပြည်နယ်သစ်ဖွဲ့စည်းရေးအဆိုကို သက်ဆိုင်ရာပြည်နယ်

လွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်များ၏ ထက်ဝက်ကျော် ထောက်ခံမှုဖြင့် အမျိုးသားလွှတ်တော်သို့ ပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို တင်သွင်းရမည်။

(၃) အမျိုးသားလွှတ်တော်သည် တင်ပြလာသော ပြည်နယ်လွှတ်တော်များ၏ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သော ပြည်နယ်သစ်ဖွဲ့စည်းရေး ဆိုင်ရာ စုံစမ်းရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းစေရမည်။

(၄) ပြည်နယ်သစ်ဖွဲ့စည်းရေးဆိုင်ရာ စုံစမ်းရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ပြည်နယ်သစ်ဖွဲ့စည်းရန် အဆိုပြုထားသော ဒေသအတွင်းရှိ ပြည်သူလူထု၏ ဆန္ဒခံယူပွဲကို ကျင်းပပေးရမည်။

(၅) ဆန္ဒခံယူပွဲတွင် ပြည်နယ်သစ်ဖွဲ့စည်းလိုသော နေထိုင်ရာဒေသအတွင်းရှိ ပြည်သူလူထု၏ (၆၀) ရာခိုင်နှုန်းကျော်သော ထောက်ခံဆန္ဒမဲကိုရရှိပါက ပြည်နယ်သစ်ဖွဲ့စည်းခြင်းသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ အတည်ဖြစ်စေရမည်။

(၆) ပုဒ်မ (၅၀)၊ ပုဒ်မခွဲ(က)(၅) နှင့်အညီ ပြည်နယ်သစ်ဖွဲ့စည်းရေးဆိုင်ရာ အတည်ပြုချက်ကို ရရှိပြီးပါက အမျိုးသားလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်သွင်း၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ဥပဒေအဖြစ် ပြဋ္ဌာန်းပေးရမည်။

(၇) နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေကို လက်မှတ်ရေးထိုး၍ ထုတ်ပြန်ပေးရမည်။

(၈) အဆိုပါဥပဒေကို သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်) ပြည်နယ်များက လိုအပ်သလို ဆက်လက်အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြု လွှတ်တော်အသီးသီးသို့ ပေးပို့ရမည်။

(ခ) အဖွဲ့ဝင်ပြည်နယ်အသစ်တစ်ခု (သို့မဟုတ်) ဖက်ဒရယ်ဒေသအသစ်တစ်ခုကို ဖက်ဒရယ်ပြည်ထောင်စုအတွင်းသို့ ဖွဲ့စည်းထည့်သွင်းပြီး

သည်နှင့်တပြိုင်နက် ပြည်ထောင်စုလွှတ်တော်သည် ဤဖွဲ့စည်းပုံပါ ပုဒ်မ (၄၇) ကို ချက်ချင်းပြင်ဆင်ရမည်။

## ပုဒ်မ (၅၁) ပြည်နယ်တပ်ဖွဲ့များ

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ် လူဦးရေ၏ (၀.၅) ရာခိုင်နှုန်း အင်အားထက်မပိုသော ပြည်နယ်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းခွင့် ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ်လူဦးရေ၏ (၀.၅) ရာခိုင်နှုန်းထက်မပိုသော ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မ (၅၀) ခွဲ (က) နှင့် (ခ)အရ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ၏ အင်အားသတ်မှတ်ချက်အား ထူးခြားသောအခြေအနေအရ တိုးချဲ့သတ်မှတ်ပေးရန် လိုအပ်ပါက ပြည်နယ်တစ်ခုခုသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တောင်းခံနိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၅၂) စာချုပ် နှင့် သဘောတူညီချက်များ

(က) အဖွဲ့ဝင်ပြည်နယ်များသည် ၎င်းတို့အချင်းချင်း ကျွမ်းကျင်မှုဆိုင်ရာ ကဏ္ဍများတွင်စာချုပ်များ ချုပ်ဆိုနိုင်သည်။

(ခ) အဖွဲ့ဝင်ပြည်နယ်များသည် နိုင်ငံတကာစာချုပ်ချုပ်ဆိုလိုလျှင် ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်မှ ကြိုတင်သဘောတူညီချက်ဖြင့် ချုပ်ဆိုနိုင်သည်။

(ဂ) အဆိုပြုထားသောနိုင်ငံတကာစာချုပ်သည် အမျိုးသားပြည်နယ်များအပေါ် အကျိုးသက်ရောက်မှု တစုံတရာရှိပါက ယင်းပြည်နယ်များနှင့် အချိန်မီ ကြိုတင်ညှိနှိုင်းရမည်။ အပြုသဘောဆောင်သော ညှိနှိုင်းမှုများမပြီးစီးမီ နိုင်ငံတကာစာချုပ် ချုပ်ဆိုခြင်း မပြုရ။

# အခန်း(၄)
# ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်

**ပုဒ်မ (၅၃) ပြည်နယ်လွှတ်တော်**

ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော် (Chamber of Nationalities) နှင့် ပြည်သူ့လွှတ်တော် (Chamber of People's Representatives) တို့ဖြင့် ဖွဲ့စည်းသည်။

**ပုဒ်မ (၅၄) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အာဏာ**

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုအာဏာ အားလုံးသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်တွင် တည်ရှိသည်။

**ပုဒ်မ (၅၅) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို ခေါ်ယူ ကျင်းပရန် အနည်းဆုံးရက်ပေါင်း (၆၀) ကြိုတင်၍ ကြေညာရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ဖက်ဒရယ် ပြည်ထောင်စုသမ္မတက ခေါ်ယူပေးရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းတွင် ဖက်ဒရယ်ပြည်ထောင်စု တဝှမ်းလုံးနှင့်ဆိုင်သော အခြေအနေများကို မိန့်ခွန်းမြွက်ကြားရမည်။

## ပုဒ်မ (၅၆) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးနှင့် အရေးပေါ် အစည်းအဝေးများ

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အထူးအစည်းအဝေးနှင့် အရေးပေါ် အစည်းအဝေးများကို –

(က) အောက်ပါကိစ္စရပ်များအတွက် ခေါ်ယူခွင့် ရှိစေရမည်။

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုခြင်း။

(၂) နိုင်ငံတော် အရေးပေါ်အခြေအနေ ကြေညာချက်အား အတည်ပြုခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း။

(၃) ပြည်ပနိုင်ငံတစ်ခုအပေါ် စစ်ကြေညာခြင်း (သို့မဟုတ်) စစ်ရပ်စဲခြင်းတို့ကို အတည်ပြုခြင်း။

(၄) ဖက်ဒရယ်ပြည်ထောင်စုသမ္မတကို အတည်ပြုခန့်အပ်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုတရားရုံး တရားသူကြီးများ ခန့်အပ်ခြင်း။

(ခ) အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်တစ်ရပ်ရပ်၏ အများစုဆန္ဒမဲဖြင့် တောင်းဆိုလျှင်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်က တောင်းဆိုလျှင်ဖြစ်စေ သမ္မတက အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ်အစည်းအဝေးကို ဆင့်ခေါ်ပေးရမည်။

## ပုဒ်မ (၅၇) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ အထမြောက်ခြင်း

အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ် ထက်ဝက်ကျော်နှင့် ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ် ထက်ဝက်ကျော် တက်ရောက်မှသာလျှင် ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး အထမြောက်မည်။

## ပုဒ်မ (၅၈) ဆန္ဒမဲရယူခြင်း

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ၌ ဆုံးဖြတ်ချက် ရယူရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ တက်ရောက်လာကြသော လွှတ်တော်တစ်ရပ်ချင်းစီမှ ကိုယ်စားလှယ်များ၏ အများစု ဆန္ဒမဲ ရရှိစေရမည်။

## ပုဒ်မ (၅၉) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ သဘာပတိ

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တစ်ဦးဦးသည် အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ လွှတ်တော်ဥက္ကဋ္ဌ တစ်ဦးဦးဆိုသည့် စကားရပ်တွင် ဒုတိယဥက္ကဋ္ဌလည်း အကြုံးဝင်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သဘာပတိသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့်အာဏာ ရှိစေရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရန် လိုအပ်သော ကိစ္စရပ်များ၌ မဲအရေအတွက် တူညီနေပါက ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သဘာပတိသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိရမည်။

## ပုဒ်မ (၆၀) ကျား၊မ တန်းတူရေးအာမခံချက်။

ကျား–မ တန်းတူညီမျှမှုအခွင့်အရေးကို ဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ် ပြည်ထောင်စု၏ အဆင့်ဆင့်သော ဥပဒေပြုရေးကဏ္ဍတွင် အနည်းဆုံး အမျိုးသမီး (၃၀)ရာခိုင်နှုန်းပါဝင်စေရန် စီမံဆောင်ရွက်ရမည်။

## ပုဒ်မ (၆၁) လွှတ်တော်နှစ်ရပ်စလုံးတွင် တစ်ပြိုင်နက်တည်း ကိုယ်စားလှယ်ဖြစ်ခွင့် မရှိခြင်း

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်စလုံးတွင် တစ်ပြိုင်နက်တည်း ကိုယ်စားလှယ် မဖြစ်စေရ။

## ပုဒ်မ (၆၂) ကင်းလွတ်ခွင့် နှင့် အခွင့်အရေး

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေး တစ်ရပ်ရပ်တွင် မဲပေးခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ရေးသားဖြန့်ဝေခြင်း စသည်တို့နှင့် စပ်လျဉ်း၍ မည်သည့်လွှတ်တော် ကိုယ်စားလှယ်ကိုမျှ စစ်ဆေးမေးမြန်းခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်း မပြုရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေစဉ်အတောအတွင်း မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပြစ်မှုကျူးလွန်နေစဉ်တွင် ဖမ်းဆီးအရေးယူခြင်းမှလွဲ၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိပဲ ပြစ်မှုတစ်စုံတရာအတွက် ဖမ်းဆီးခြင်း၊ အရေးယူ အပြစ်ပေးခြင်း မရှိစေရ။

## ပုဒ်မ (၆၃) ထောက်ပံ့ကြေး နှင့် ခံစားခွင့်

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် သင့်တင့်လျှောက်ပတ်သည့် ငွေကြေးနှင့် ခံစားခွင့်ကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ခံစားပိုင်ခွင့်ရှိစေရမည်။ ထောက်ပံ့ကြေးတိုးမြှင့်ကြောင်း ဆုံးဖြတ်ချက်သည် နောင်လာမည့် လွှတ်တော်သက်တမ်းအသစ်၌သာ စတင်၍ အကျိုးသက်ရောက်စေရမည်။

## ပုဒ်မ (၆၄) နိုင်ငံတကာသဘောတူညီချက်များ နှင့် စာချုပ်များ

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရက လက်မှတ်ရေးထိုးခဲ့ပြီးသော နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များကို အတည်ပြုခြင်း (သို့မဟုတ်) ပယ်ချခြင်းကို ပြုလုပ်နိုင်သော အာဏာရှိရမည်။

## ပုဒ်မ (၆၅) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ၎င်းတို့၏ တာဝန်နှင့် လုပ်ထုံးစည်းမျဉ်းများကို ကြပ်

မတ်နိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဌာန်းရမည်။

# အမျိုးသားလွှတ်တော်

**ပုဒ်မ (၆၆) အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းခြင်း**

(က) အမျိုးသားလွှတ်တော်သို့ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက ကိုယ်စားလှယ် (၁၀)ဦးကျစီ စေလွှတ်ရမည်။

**ပုဒ်မ (၆၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်း**

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများတွင် တိုက်ရိုက်လျှို့ဝှက်မဲပေးခြင်းအားဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် နိုင်ငံသားတိုင်းသည် –

(၁) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်တွင် အနည်းဆုံးအသက် (၂၅) နှစ်ပြည့်ပြီး ဖြစ်ရမည်။

(၂) နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်း အနည်းဆုံး (၁၀) နှစ် ရှိရမည်။

(၃) ကိုယ်စားပြုရွေးချယ်ခံမည့် ပြည်နယ်တွင် အခြေချနေထိုင်သူဖြစ်ရမည်။

(၄) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသားမဖြစ်စေရ။

(၅) ဖက်ဒရယ်ပြည်ထောင်စု၏ လက်ရှိတာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်း မဖြစ်စေရ။

(ဂ) ပြည်နယ်အသီးသီးသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

များ ရွေးချယ်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ နေရာနှင့် ကျင်းပရန် နည်းလမ်းများကို သက်ဆိုင်ရာပြည်နယ်ဥပဒေပြု လွှတ်တော်၌ ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၆၈) အမျိုးသားလွှတ်တော်၏ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့သည် ပြည်နယ် တစ်ခုတည်းမှ ကိုယ်စားလှယ်များ မဖြစ်စေရ။

(ဂ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော် အစည်းအ ဝေးဆိုင်ရာ လုပ်ထုံးစည်းကမ်းများကို ထိန်းသိမ်းကြီးကြပ်ခွင့်ရှိပြီး အမတ်များ၏ စည်းကမ်းလိုက်နာမှုကို ကြပ်မတ်နိုင်သည့် လုပ်ပိုင် ခွင့်အာဏာ ရှိသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် မရဘဲ မည်သူမျှ အမျိုးသားလွှတ်တော်အတွင်းသို့ဝင် ရောက်ရှာဖွေ ခြင်း (သို့မဟုတ်)ဖမ်းဆီးခြင်း မပြုလုပ်ရ။

## ပုဒ်မ (၆၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ သက်တမ်း

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းကို (၄) နှစ် သတ်မှတ်သည်။ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကို (၂) နှစ် တစ်ကြိမ် ရွေးချယ်တင်မြှောက်၍ လဲလှယ်သွားရမည်။

## ပုဒ်မ (၇၀) အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး

(က) ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း (၆၀)အတွင်း ပထမအ ကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင် စု သမ္မတက ခေါ်ယူကျင်းပပေးရမည်။

(ခ) အမျိုးသားလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။

(ဂ) အမျိုးသားလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ) အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ကြေညာရမည်။

## ပုဒ်မ (၇၁) အမျိုးသားလွှတ်တော်အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ် အစည်းအဝေး

(က) အနည်းဆုံးပြည်နယ်နှစ်ခုမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကသော်လည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ် လေးပုံတစ်ပုံကသော်လည်းကောင်း တောင်းဆိုလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ် အစည်းအဝေးများကို ခေါ်ယူကျင်းပပေးရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်မှ တင်ပြတောင်းဆိုလာလျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော် အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ် အစည်းအဝေးကို ခေါ်ယူကျင်းပ ပေးရမည်။

(ဂ) အမျိုးသားလွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပရန်အတွက် အနည်းဆုံး (၁၅) ရက် ကြိုတင်အကြောင်းကြားရမည်။

## ပုဒ်မ (၇၂) အစည်းအဝေး အထမြောက်ခြင်းနှင့် မဲပေးခြင်း

(က) အမျိုးသားလွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အမျိုးသားလွှတ်တော် အစည်းအဝေးကို ကျင်းပ နိုင်သည်။

(ခ) သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်ဦးရေ သုံးပုံနှစ်ပုံ တက်ရောက်မှသာ အစည်းအဝေး အထမြောက်စေရမည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

သုံးပုံနှစ်ပုံ တက်ရောက်သော အစည်းအဝေးတွင် အများစုဆန္ဒမဲကို ရယူ၍ ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ် မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကို ပေးရမည်။

**ပုဒ်မ (၇၃) အမျိုးသားလွှတ်တော်၏ ရေးရာကော်မတီများ ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်တွင် နိုင်ငံခြားရေးရာကော်မတီ၊ ကာကွယ်ရေးဆိုင်ရာ ရေးရာကော်မတီ၊ ဘဏ္ဍာရေးရာကော်မတီ နှင့် ကူးသန်းရောင်းဝယ်ရေးရာ ကော်မတီများ အပါအဝင် လိုအပ်သော ရေးရာကော်မတီများကို အမျိုးသား လွှတ်တော်၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ခွင့် ရှိသည်။

# ပြည်သူ့လွှတ်တော်

**ပုဒ်မ (၇၄) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်ကို လူဦးရေအပေါ်တွင်အခြေခံသော ရွေးကောက်ပွဲများ တွင် မဲဆန္ဒနယ်မြေအသီးသီးမှ နိုင်ငံသားများက ရွေးချယ်တင်မြှောက် လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

**ပုဒ်မ (၇၅) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း**

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေး ကောက်ပွဲများတွင် တိုက်ရိုက်လျှို့ဝှက်မဲပေးခြင်းအားဖြင့် ရွေးချယ် တင်မြှောက်ရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အရေအတွက်နှင့် မဲဆန္ဒ နယ်မြေများသည် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု သတ်မှတ် ပြဋ္ဌာန်းပေးသည့်အတိုင်း ဖြစ်စေရမည်။

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်

အရွေးခံမည့် နိုင်ငံသားတိုင်းသည် –

(၁) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၂၅) နှစ်ပြည့်ပြီး သောသူ ဖြစ်ရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်း အနည်းဆုံး (၁၀) နှစ် ဆက်တိုက် နေထိုင်ခဲ့သူဖြစ်ရမည်။

(၃) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

(၄) ဖက်ဒရယ်ပြည်ထောင်စု၏ လက်ရှိတာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်း မဖြစ်စေရ။

## ပုဒ်မ (၇၆) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်အစည်းအဝေးဆိုင်ရာ လုပ်ထုံးစည်းကမ်းများကို ထိန်းသိမ်းကြီးကြပ်ခွင့်ရှိပြီး အမတ်များ၏ စည်းကမ်းလိုက်နာမှုကို ကြပ်မတ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာ ရှိသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ပြည်သူ့လွှတ်တော်အတွင်းသို့ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း မပြုလုပ်ရ။

## ပုဒ်မ (၇၇) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သက်တမ်း

(က) ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် (၄) နှစ် ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးကျင်းပသည့်နေ့မှစ၍ စတင်ရေတွက်ရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်စေရမည်။

**ပုဒ်မ (၇၈) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး**

(က) အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ရက်ပေါင်း (၆၀) အတွင်း ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို ဖက်ဒရယ် ပြည်ထောင်စုသမ္မတက ခေါ်ယူပေးရမည်။

(ခ) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။

(ဂ) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ (၇၉) ပြည်သူ့လွှတ်တော်အထူးအစည်းအဝေး (သို့မဟုတ်) အရေးပေါ် အစည်းအဝေး**

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် ပြည်သူ့လွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ် အစည်းအဝေးများကို ခေါ်ယူကျင်းပရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ညွှန်ကြားခြင်း။

(၂) ပြည်ထောင်စုအစိုးရဝန်ကြီးချုပ်က တောင်းဆိုခြင်း။

(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက တောင်းဆိုခြင်း။

(ခ) ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် စည်းအဝေးခေါ်ယူကျင်းပရန်အတွက် အနည်းဆုံး (၁၅) ရက် ကြိုတင် အကြောင်းကြားရမည်။

**ပုဒ်မ (၈၀) ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ခြင်း၊ မဲပေးခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၃၀) ရာခိုင်နှုန်းကျော် တက်ရောက်လျှင် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပနိုင်သည်။ သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

အားလုံး၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်စေရမည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင် တက်ရောက်သူများ၏ အများစုဆန္ဒမဲကို ရယူရမည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကို ပေးရမည်။

## ပုဒ်မ (၈၁) ပြည်သူ့လွှတ်တော်ဖျက်သိမ်းခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု အစိုးရဝန်ကြီးချုပ်၏ အကြံပြုချက်အရ ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းရမည်၊ (သို့တည်းမဟုတ်) ရုပ်သိမ်းရမည်။

(ခ) သို့ရာတွင် ပြည်သူ့လွှတ်တော်၌ အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိ အဆို တင်သွင်းရာတွင် ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အများစု၏ ထောက်ခံမှုကို ဆက်လက်မရရှိသော အခါ၊ ဝန်ကြီးချုပ်က လွှတ်တော်ဖျက်သိမ်းရန် (သို့မဟုတ်) ရုပ်သိမ်းရန် အကြံပြုသော်လည်း ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် ဝန်ကြီးချုပ်၏ အကြံပြုချက်ကို ငြင်းပယ်နိုင်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ဝန်ကြီးချုပ်အသစ်တစ်ဦး၏ အမည်စာရင်းကို တင်သွင်းရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် ပြည်သူ့လွှတ်တော်အား ချက်ခြင်း ဆင့်ခေါ်ရမည်။

(ဂ) ပြည်သူ့လွှတ်တော်သည် ပုဒ်မ ၈၁(ခ)အရ ဆင့်ဆိုခြင်းခံရပါက ဝန်ကြီးချုပ်အသစ်၏ အမည်စာရင်းကို (၁၅) ရက်အတွင်း တင်သွင်းရမည်။ တင်သွင်းရန်ပျက်ကွက်ပါက ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းရမည်။

(ဃ) ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်ကျင်းပ၍ အစိုးရတစ်ရပ် မဖွဲ့စည်းနိုင်မီ၊ ကြားကာလတွင် နိုင်ငံတော်ကို စီမံအုပ်ချုပ်ရန် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ကြားဖြတ် အစိုးရတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးရမည်။

(င) ပြည်သူ့လွှတ်တော်အား ဖျက်သိမ်းပြီးနောက် ရက်ပေါင်း (၆၀)

ထက် နောက်မကျစေဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများ ကျင်းပရမည်။

## ပုဒ်မ (၈၂) ပြည်သူ့လွှတ်တော်၏ ရေးရာကော်မတီများ ဖွဲ့စည်းခြင်း

ပြည်သူ့လွှတ်တော်တွင် နိုင်ငံခြားရေးရာကော်မတီ၊ ကာကွယ်ရေးဆိုင်ရာ ရေးရာ ကော်မတီ၊ ဘဏ္ဍာရေးရာကော်မတီနှင့် ကူးသန်းရောင်းဝယ်ရေး ရာကော်မတီများ အပါအဝင် လိုအပ်သော ရေးရာကော်မတီများကို ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

## ပုဒ်မ (၈၃) စုံစမ်းရေးကော်မရှင်

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးပုံတစ်ပုံက တောင်းဆိုလျှင်၊ ပြည်သူ့လွှတ်တော်သည် စုံစမ်းရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။

(ခ) ပြည်သူ့လွှတ်တော်သည် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ကော်မရှင်ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်း ပေးရမည်။

# အခန်း(၅)
# ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုခြင်း

**ပုဒ်မ (၈၄) ဥပဒေကြမ်းများ တင်သွင်းခြင်း**

(က) ဥပဒေကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စု အစိုးရကသော်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်များက သော်လည်းကောင်း တင်သွင်းနိုင်သည်။

(ခ) အကောက်ခွန်၊ သုံးငွေ နှင့် ရသုံးခန့်မှန်းခြေ (ဘတ်ဂျက်)ဆိုင်ရာ ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌သာ စတင်တင်သွင်းရမည်။

(ဂ) သဘာဝသယံဇာတနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌သာ စတင်တင်သွင်းရမည်။

**(၈၅) ဥပဒေကြမ်းများဥပဒေဖြစ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းမှအပ ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်းသော ဥပဒေကြမ်းအားလုံးသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော် ဆန္ဒမဲရရှိပြီးနောက် အမျိုးသားလွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲ ရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေ ဖြစ်စေရမည်။

(ခ) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော်ဆန္ဒမဲရရှိပြီးနောက် ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

**ပုဒ်မ (၈၆) ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်း အတည်ပြုခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းကို ဖက်ဒရယ်ပြည်ထောင်စုမှ ပြင်ဆင်ပြီး ပြည်သူ့လွှတ်တော်တွင် စတင် တင်သွင်းရမည်။

(၁) ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် သာမန်အများစု ဆန္ဒမဲဖြင့် အတည်ပြုပြီးပါက အမျိုးသားလွှတ်တော်သို့ တင်ပို့ရမည်။

(၂) အမျိုးသားလွှတ်တော်မှ (၂၁)ရက်အတွင်း သာမန်အများစု ဆန္ဒမဲဖြင့် အတည်ပြုလျှင် ဥပဒေ ဖြစ်စေရမည်။

**ပုဒ်မ (၈၇) ကြားဖြတ်နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းအားစီမံခန့်ခွဲခြင်း**

လက်ရှိဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်သည် ဖက်ဒရယ် အစိုးရ၏ လာမည့်နှစ်ဘဏ္ဍာရေးနှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းကို အတည်ပြုနိုင်ခြင်းမရှိလျှင် ယမန်နှစ်မှ အတည်ပြုခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ သာမန် အသုံးစရိတ်ဘောင်အတွင်း သုံးစွဲနိုင်သည်။

**ပုဒ်မ (၈၈) ပူးတွဲညှိနှိုင်းရေးကော်မတီ**

(က) လွှတ်တော်တစ်ရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ခုလုံးကိုဖြစ်စေ တစ်စိတ်တပိုင်းကိုဖြစ်စေ အခြားလွှတ်တော်မှ အတည်ပြုနိုင်ခြင်းမရှိလျှင် ပူးတွဲညှိနှိုင်းရေးကော်မတီဖွဲ့စည်း၍ ထိုဥပဒေကြမ်းကို ညှိနှိုင်းမှုပြုရန် လွှတ်တော်တစ်ရပ်ရပ်ကဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရကဖြစ်စေ တောင်းဆိုနိုင်သည်။

(ခ) အကြောင်းအရာတစ်ခုတည်းအပေါ် ဥပဒေကြမ်းကို လွှတ်တော်နှစ်

ရပ်စလုံးတွင် အတည်ပြုပါက လွှတ်တော်တစ်ရပ်ရပ်မှဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စု အစိုးရမှဖြစ်စေ ထိုဥပဒေကြမ်းနှစ်ခု၏ မတူညီမှုများကို ညှိနှိုင်းရန် ပူးတွဲကော်မီတီတစ်ရပ်ကို ဖွဲ့စည်းရန် တောင်းဆိုနိုင်သည်။

(ဂ) ပူးတွဲညှိနှိုင်းရေးကော်မတီကို လွှတ်တော်နှစ်ရပ်မှတူညီသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဃ) ပူးတွဲညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာလုပ်ငန်းပြီးဆုံး သည်နှင့် ဖျက်သိမ်းပြီး ဖြစ်စေရမည်။

(င) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းသော်လည်း သဘောတူညီမှု မရရှိပါက အဆိုပါဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်း မရှိသော ဥပဒေကြမ်းဖြစ်စေရမည်။

(စ) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် ဥပဒေကြမ်းကို ပြင်ဆင်ရန်သော် လည်းကောင်း၊ ပြောင်းလဲရန်သော်လည်းကောင်း သဘောတူညီမှု ရရှိပါက ထိုဥပဒေကြမ်းအား စတင်တင်သွင်းသော လွှတ်တော်သို့ ပြန်လည် ပေးပို့ရမည်။ ယင်းလွှတ်တော်က ဥပဒေကြမ်းကို ပြင်ဆင်သည့်အတိုင်း (သို့မဟုတ်) ပြောင်းလဲသည့်အတိုင်း အ တည်ပြုလျှင် ကျန်အခြားလွှတ်တော်သို့ ပေးပို့ရမည်ဖြစ်ပြီး ယင်း လွှတ်တော်က အထက်ပါအတိုင်း ဆက်လက်အတည်ပြုလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

(ဆ) အထက်ပုဒ်မခွဲ (စ) အရ ပေးပို့သော်လည်း ပုဒ်မ (၈၅) ပြဋ္ဌာန်း ချက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း အတည်မပြုနိုင်သော ဥပဒေ ကြမ်းသည် ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသော ဥပဒေကြမ်း ဖြစ်စေရမည်။

**ပုဒ်မ (၈၉) ဥပဒေဖြစ်ရန် အခွင့်အလမ်း မရှိသော ဥပဒေကြမ်း**

ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်းတစ်ခုကို ပယ်ချသည့် နေ့မှစ၍ နှစ်နှစ်အတွင်း မည်သည့် လွှတ်တော်တွင်မှ ထပ်မံတင်သွင်းခြင်း မရှိစေရ။

**ပုဒ်မ (၉၀) ထုတ်ပြန်ကြေညာခြင်း၊ အာဏာတည်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသော ဥပဒေကြမ်းတိုင်းကို ဖက်ဒရယ်ပြည်ထောင်စု သမ္မတက (၇) ရက်အတွင်း လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရမည်။ (၇)ရက် ကျော်လွန်လျှင် သမ္မတက လက်မှတ်ရေးထိုးခြင်းမရှိသော်လည်း အာဏာတည်စေရမည်။

**ပုဒ်မ (၉၁) ဥပဒေပြုခြင်းဆိုင်ရာ မှတ်တမ်းများ**

ယင်းစည်းကမ်းချက်များတွင် ပြဌာန်းထားသော ချွင်းချက်များကြောင့်မှအပ ပြည်ထောင်စုလွှတ်တော်သည် ၎င်း၏ ဥပဒေပြုခြင်းဆိုင်ရာ မှတ်တမ်းအလုံးစုံကို အများပြည်သူသိသာရန် ထုတ်ဝေရမည်။

**ပုဒ်မ (၉၂) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ သီးသန့်ဥပဒေပြုအာဏာများ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါကိစ္စများတွင် သီးသန့်ဥပဒေပြုအာဏာ ရှိစေရမည်။

(က) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ

(၁) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များနှင့် အမျိုးသား လုံခြုံရေးဆိုင်ရာအဖွဲ့များ ဥပဒေ

(၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဥပဒေ

(၃) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ဥပဒေ

(၄) အမျိုးသားလုံခြုံရေးကောင်စီဥပဒေ

(၅) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ဥပဒေ

(၆) လက်နက်နှင့် ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း ဆိုင်ရာဥပဒေ

(၇) အရပ်သားများ စစ်ပညာသင်ကြားရေးဆိုင်ရာဥပဒေ။

(ခ) နိုင်ငံခြားရေးကဏ္ဍ

(၁) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ

စာချုပ်စာတမ်းများ သဘောတူညီချက်များဥပဒေ၊

(၂) နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေ၊

(၃) ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာကိစ္စရပ်များဥပဒေ၊

(ဂ) စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍ

(၁) ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းဆိုင်ရာ ဥပဒေ၊

(၂) ဖက်ဒရယ်ပြည်ထောင်စု၏ နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်း ဆိုင်ရာဥပဒေ၊

(၃) နိုင်ငံတကာကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဆိုင် ရာ ဥပဒေ၊

(ဃ) နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း ဆိုင်ရာဥပဒေ၊

(ဤ) သွင်းကုန်ထုတ်ကုန်အခွန်ကောက်ခံခြင်းဆိုင်ရာဥပဒေ၊

(၆) ဖက်ဒရယ်ပြည်ထောင်စုဗဟိုဘဏ်ဥပဒေ၊

(ဃ) ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍ

(၁) စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဥပဒေ

(၂) ပြည်ထောင်စုဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြား လုပ်ငန်း များ ဥပဒေ

(၃) ဖက်ဒရယ်ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထား လမ်းများ၊ ရေကြောင်းလမ်းများ၊ ကမ်းရိုးတန်းနှင့်ပင်လယ် ရေကြောင်း သွားလာရေးများနှင့် လေကြောင်း သွားလာရေး ဆိုင်ရာဥပဒေ

(င) ပညာရေးကဏ္ဍ

(၁) ဘွဲ့လွန်ပညာရေး၊ ပုဂ္ဂလိကကျောင်းများဆိုင်ရာ အဆင့်သတ် မှတ်ခြင်း ဥပဒေ၊

(၂) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာဥပဒေ၊

(၃) အခမဲ့ အခြေခံပညာသင်ကြားခွင့်ဆိုင်ရာ ဘဏ္ဍာငွေကို ချမှတ်ပေးခြင်း ဥပဒေ၊

(စ) ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍ
(၁) ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များဥပဒေ
(၂) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်မစွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးဆိုင်ရာဥပဒေ
(၃) ကလေးများအခွင့်အရေးဆိုင်ရာဥပဒေ

(ဆ) တရားရေးကဏ္ဍ
(၁) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သီးသန့် စီရင်ပိုင်ခွင့်ဆိုင်ရာဥပဒေ
(၂) ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ကိုယ်စားလှယ်များ ရွေးချယ်ခြင်းဆိုင်ရာဥပဒေ
(၃) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ ဖွဲ့စည်းခြင်းနှင့် ဖက်ဒရယ်တရားသူကြီးများ ခန့်အပ်ခြင်း ဆိုင်ရာဥပဒေ၊
(၄) ဓလေ့ထုံးတမ်း ကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေ၊

(ဇ) ပြည်ထောင်စုလွှတ်တော်များရေးရာကဏ္ဍ
(၁) အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မရှင် ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊
(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေ၊
(၃) ပြည်သူ့လွှတ်တော် စုံစမ်းစစ်ဆေးရေးကော်မရှင်များ ဆိုင်ရာ ဥပဒေ၊

(ဈ) စက်မှုလက်မှုကဏ္ဍ
(၁) အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်းဆိုင်ရာဥပဒေ၊
(၂) ကူးယူဖြန့်ချီခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့်တံဆိပ် အမှတ်အသား မူပိုင်ခွင့်မှတ်ပုံတင်ခြင်း ဆိုင်ရာဥပဒေ၊
(၃) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အားလပ်ရက်၊ အလုပ်မှ ခွင့်ယူခြင်း နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးစံနှုန်း

သတ်မှတ်ချက်ဆိုင်ရာဥပဒေ၊

(ည) အထွေထွေကဏ္ဍများ

(၁) နိုင်ငံသားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောင့်သည့် ဥပဒေ၊

(၂) အဖွဲ့ဝင်ပြည်နယ်အသစ်များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊

(၃) အသင်းအဖွဲ့များနှင့် သမဂ္ဂများ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊

(၄) ဖက်ဒရယ်ပြည်ထောင်စုမြို့တော် သတ်မှတ်ခြင်းဥပဒေ၊

(၅) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ၊

(၆) နိုင်ငံရေးတာဝန်ထမ်းဆောင်သူ ပုဂ္ဂိုလ်များ၏ ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု ထုတ်ဖော်ပြသခြင်း ဆိုင်ရာဥပဒေ၊

(၇) ဖက်ဒရယ်ပြည်ထောင်စု(အဝေးရောက်) နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ ဆိုင်ရာဥပဒေ၊

(၈) လူဦးရေသန်းခေါင်စာရင်း ကောက်ခံခြင်း ဆိုင်ရာဥပဒေ၊

(၉) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်းဆိုင်ရာဥပဒေ၊

(၁၀) နိုင်ငံတော်အရေးပေါ်အခြေအနေ ဆိုင်ရာဥပဒေ၊

(၁၁) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်ငန်းများဆိုင်ရာ ဥပဒေ၊

(၁၂) အမှန်တရား ဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ဥပဒေ၊

**ပုဒ်မ (၉၃) ထပ်တူဥပဒေပြုအာဏာအညွှန်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်နှင့် အဖွဲ့ဝင်ပြည်နယ်လွှတ်တော် အသီးသီးတို့သည် အောက်ပါကိစ္စများတွင် မိမိတို့လွှတ်တော်တစ်ခုချင်းစီအလိုက် ထပ်တူဥပဒေပြုပိုင်ခွင့်အာဏာ ရှိစေရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေး လုပ်ငန်းခွန်၊ ဝင်ငွေအခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန် အပါအဝင်

အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊
(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊
(၃) မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ၊
(၄) ဖွားသေစာရင်းမှတ်ပုံတင်ခြင်း၊
(၅) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း၌ ကျရောက်သည့် ဖက်ဒရယ်ပြည်ထောင်စု၏ စွမ်းအင်စီမံကိန်း လုပ်ငန်းများ နှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊
(၆) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း မြေပေါ်မြေအောက် သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊
(၇) နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံခြင်း ဆိုင်ရာကိစ္စရပ်များ၊
(၈) ဒေသဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ၊
(၉) ဘဏ်နှင့် အာမခံလုပ်ငန်းများ၊
(၁၀) နေအိမ်၊ ဥပစာ၊ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊
(၁၁) တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊
(၁၂) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် တစ်ခုမှတစ်ခုသို့ ဖြတ်သန်း စီးဆင်းလျက်ရှိသော မြစ်များ နှင့် ရေကြောင်းဆိုင်ရာ စည်းမျည်းသတ်မှတ်ချက်များ၊ ပြည်တွင်းပင်လယ်ရေကြောင်း နှင့် ကမ်းရိုးတန်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ၊
(၁၃) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်၊
(၁၄) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ၊
(၁၅) ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းများ၊
(၁၆) အလုပ်သမားနှင့် လယ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

## ပုဒ်မ (၉၄) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူခြင်း

ထပ်တူဥပဒေပြုအာဏာအညွှန်းရှိ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ၊ ပြည်နယ်လွှတ်တော် တစ်ခုခုကဖြစ်စေ ဥပဒေပြုခဲ့သော် အငြင်းပွားဖွယ်ရာများ ဖြစ်ပွားလာပါက ဤဖွဲ့စည်းပုံပါ ပုဒ်မ(၁၂၁) နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ထိုဆုံးဖြတ်ချက်သည် နောက်ဆုံး အတည်ဖြစ်သည်။

## ပုဒ်မ (၉၅) ထပ်တူဥပဒေပြုအာဏာအညွှန်းအရ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုခြင်း

ထပ်တူဥပဒေပြုအာဏာအညွှန်းရှိ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်နယ်တစ်ခုခုက ဥပဒေပြုခဲ့ သော် အခြားပြည်နယ်တစ်ခုခု (သို့မဟုတ်) အခြားပြည်နယ်သားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စုတဝှမ်းလုံး၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း ဖြစ်လျှင် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုရမည်။

## ပုဒ်မ (၉၆) ပူးတွဲသဘောတူညီမှုရယူခြင်း

သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းတို့အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ၊ သက်ဆိုင်သော ပြည်နယ်လွှတ်တော်များကဖြစ်စေ ဥပဒေပြုမည်ဆိုလျှင် ကျန်လွှတ်တော်က သဘောတူညီပြီးမှသာ ထိုဥပဒေ အာဏာတည်စေရမည်။

## ပုဒ်မ (၉၇) အဖွဲ့ဝင်ပြည်နယ်၏ဥပဒေပြုအာဏာ

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖယ်ဒရယ်ပြည်ထောင်စုဥပဒေပြုအာဏာအညွှန်းများတွင် အတိအလင်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်လွှတ်တော်များ၌ ဥပဒေ ပြုပိုင်ခွင့်ရှိစေရမည်။

# အခန်း (၆)
# ဖက်ဒရယ်ပြည်ထောင်စုသမ္မတ

**ပုဒ်မ (၉၈) နိုင်ငံတော်ဦးသျှောင်**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ ဦးသျှောင် ဖြစ်သည်။

**ပုဒ်မ (၉၉) အရည်အချင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၊ ဒုသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံမည့်သူသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား ဖြစ်ရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူ ဖြစ်ရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စုအတွင်း (၁၀) နှစ်ထက်မနည်း ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ်ရမည်။

(၄) သမ္မတလောင်း (သို့မဟုတ်) ဒုသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းသောနေ့တွင် အသက် (၃၅) နှစ်ပြည့်ပြီး ဖြစ်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်အစိုးရတစ်ရပ်ရပ်၏ အဖွဲ့ဝင် မဖြစ်စေရ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် သမ္မတအဖြစ် ရွေးချယ်တင်

မြှောက်ခြင်းခံရပါက သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် (သို့ မဟုတ်) အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်စေရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့သည် အခြား လစာရသောလုပ်ငန်းဖြစ်စေ၊ အကျိုးအမြတ်ရှာသော စီးပွားဖြစ် အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအပိုင်းတွင်ဖြစ်စေ ပါဝင်လုပ်ကိုင် ခွင့်မရှိစေရ။

## ပုဒ်မ (၁၀၀) ရွေးချယ်ပုံစနစ်

(က) ပြည်နယ်လွှတ်တော်အသီးသီးမှ တစ်ပြည်နယ်လျှင် တစ်ဦးကျစီ ပေးပို့သော သမ္မတလောင်းများအနက်မှ သမ္မတတစ်ဦးနှင့် ဒုတိယ သမ္မတတစ်ဦးကို အမျိုးသားလွှတ်တော်မှ ရွေးချယ်တင်မြှောက်ရ မည်။

(ခ) ပြည်နယ်တစ်ခုမှ ဖက်ဒရယ်ပြည်ထောင်စုသမ္မတအဖြစ် ရွေးချယ်ခံ ခဲ့ရပါက နောက်ထပ်သက်တမ်း ၃ ကြိမ်အတွင်း အဆိုပါပြည်နယ်မှ ထပ်မံရွေးချယ်ခံခြင်း မရှိစေရ။ ဤသက်တမ်းရေတွက်မှုတွင် ဒုတိ ယ သမ္မတ သက်တမ်းကာလ အကြုံးမဝင်စေရ။

## ပုဒ်မ (၁၀၁) သက်တမ်း

ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၏ သက်တမ်းသည် တာဝန်ထမ်းဆောင် သည့်နေ့မှစ၍ (၅)နှစ် ဖြစ်စေရမည်။

## ပုဒ်မ (၁၀၂) တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဤပုဒ်မတွင် အတိအလင်း ဖော်ပြထားသော အာဏာများမှအပ အခြားအာဏာများ မရှိစေ ရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်တာဝန်ကို ထမ်း ဆောင်ရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကာလတွင် ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်အဖြစ်အာဏာကို အပြည့်အဝ ကျင့်သုံးနိုင်ခွင့်ရှိသည်။

(၂) စစ်သေနာပတိချုပ်သည် စစ်မှုထမ်းများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းအာဏာ ရှိသည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု အစိုးရနှင့် ညှိနှိုင်း၍သဘောတူညီချက်ကို ရယူပြီး ပြည်ပနိုင်ငံတစ်ခုခုကို စစ်ကြေညာခြင်း (သို့မဟုတ်) စစ်ရပ်စဲခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။

(ဃ) အထက်အပိုဒ်(ခ)ပါ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် အနီးကပ်ဆုံး ပုံမှန်ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (သို့မဟုတ်) အရေးပေါ်ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူ၍ အတည်ပြုချက် ရယူရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်အား ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ခန့်ထားရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်တို့ကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ခန့်ထားရမည်။

(ဆ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စု၏ ရှေ့နေချုပ်အဖြစ် ခန့်ထားရမည်။

(ဇ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်အဖြစ် ခန့်ထားရမည်။

(ဈ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ် ပြည်ထောင်စု၏ စာရင်းစစ်ချုပ်အဖြစ် ခန့်ထားရမည်။

(ည) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စုကော်မရှင် အသီးသီးတို့၏ အဖွဲ့ဝင်များအဖြစ် ခန့်ထားရမည်။

(ဋ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဝန်ကြီးချုပ်၏အကြံပေးချက်အရ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဝန်ကြီးတစ်ဦးဦး၏ ရာထူးမှနုတ်ထွက်စာကို လက်ခံခြင်း၊ ရာထူးမှရပ်စဲခြင်း ပြုစေရမည်။

(ဌ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ပြည်သူ့လွှတ်တော်ကို ဆင့်ခေါ်ခြင်း၊ ရပ်သိမ်းခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်းကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဍ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော (သို့မဟုတ်) အတည်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းအား ဖက်ဒရယ်ပြည်ထောင်စုဥပဒေ ဖြစ်မြောက်လာရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတက လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာပေးရမည်။

(ဎ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုနှင့်စပ်လျဉ်း၍ဖြစ်စေ ပြည်သူလူထုနှင့် သက်ဆိုင်သည့် အရေးကြီးသောကိစ္စများနှင့်စပ်လျဉ်း၍ဖြစ်စေ အမှာလွှာဖြင့်သော်လည်းကောင်း၊ မိန့်ခွန်းဖြင့်သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားနိုင်သည်။

(ဏ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် အခါအားလျော်စွာ ဖက်ဒရယ် ပြည်ထောင်စုတဝှမ်းလုံးသို့ မိန့်ခွန်းမြွက်ကြားနိုင်သည်။

(တ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတ၏လုပ်ပိုင်ခွင့်ဆိုင်ရာ အတိအလင်းပြဋ္ဌာန်းထားသောအချက်များမှလွဲ၍ အခြားကိစ္စများတွင် ဖက်ဒရယ်ပြည်ထောင်စု

အစိုးရ နှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေရ။

(ထ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် အရေးအပေါ်အခြေအနေ ကြေညာခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ကြေညာပေးရမည်။

(ဒ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၁၀၃) ဖက်ဒရယ်ပြည်ထောင်စု ဒုတိယသမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတက လုပ်ငန်းတာဝန်များကို မိမိအလိုအလျောက် လွှဲအပ်သောအခါတွင်ဖြစ်စေ၊ တာဝန်ကိုဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင်ဖြစ်စေ၊ ရာထူးမှဖယ်ရှားခံရလျှင်ဖြစ်စေ၊ ကွယ် လွန်လျှင်ဖြစ်စေ ဖက်ဒရယ်ပြည်ထောင်စု ဒုတိယသမ္မတသည် သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၀၄) ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတ၏ ခံစားပိုင်ခွင့်များ**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့သည် သီးသန့်သတ်မှတ်ထားသည့် အဆောင်အယောင်နှင့် နေအိမ်တို့ကို ရရှိစေရမည်။ ထို့အပြင် ဥပဒေဖြင့် သတ်မှတ်ထားသော လစာနှင့်စရိတ်များကို ခံစားခွင့်ရှိစေရမည်။

**ပုဒ်မ (၁၀၅) ဖက်ဒရယ်ပြည်ထောင်စုသမ္မတကို အရေးယူခြင်း**

(က) အောက်ဖော်ပြပါ အကြောင်းအရာတစ်ခုခုအတွက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၊ ဒုသမ္မတကို စွပ်စွဲမှုပြုလုပ်နိုင်သည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုကို သစ္စာဖောက်ခြင်း၊

(၂) ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာလွန်ကဲစွာ ပျက်ပြားခြင်း၊

(ခ) အထက်အပိုဒ် (က) အရ သမ္မတအပေါ် စွပ်စွဲချက်အား အမျိုးသားလွှတ်တော်တွင် တင်သွင်းနိုင်သည်။ ယင်းလွှတ်တော်၏ ကိုယ်စားလှယ် အနည်းဆုံး ထက်ဝက်ကျော်မှ အတည်ပြုထောက်ခံမှုသာလျှင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) အဖွဲ့ဝင်ပြည်ထောင်တစ်ခုစီမှ အမျိုးသားလွှတ်တော်အမတ်တစ်ဦးစီဖြင့် ဖွဲ့စည်းထားသော စုံစမ်းစစ်ဆေးရေးကော်မီတီက စွပ်စွဲ ချက်စုံစမ်းစစ်ဆေးရေးကို ဆောင်ရွက်ရမည်။

(ဃ) စုံစမ်းစစ်ဆေးရေးကော်မီတီအဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံမှ ဖက်ဒရယ်ပြည်ထောင်စုသမ္မတကို တာဝန်မှ ဖယ်ရှားရန် အကြောင်းရင်း ခိုင်လုံသည်ဟု ဆုံးဖြတ်လျှင် ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်ကို အမျိုးသားလွှတ်တော်ထံသို့ တင်ပြရမည်။ သဘောမတူသော ကျန်အခြား ကော်မီတီဝင်များသည်လည်း ၎င်းတို့၏ငြင်းဆိုချက်ကိုလည်း အမျိုးသားလွှတ်တော်ထံသို့ တင်ပြခွင့်ရှိသည်။

(င) အမျိုးသားလွှတ်တော်အမတ်များ၏ သုံးပုံနှစ်ပုံမှ ဖက်ဒရယ် ပြည်ထောင်စုသမ္မတကို တာဝန်မှဖယ်ရှားရန် သဘောတူပါက ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် တာဝန်မှ ဖယ်ရှားခြင်းခံရမည်။

(စ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသောအခါတွင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည်မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း ခုခံချေပခွင့် ရှိရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒုတိယသမ္မတနှင့်လည်း သက်ဆိုင်စေရမည်။

**ပုဒ်မ (၁၀၆) လစ်လပ်သောနေရာနှင့်အစားထိုးရွေးချယ်တင်မြှောက်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတ ကွယ်လွန်လျှင်ဖြစ်စေ၊ ၎င်း၏တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ လစ်လပ်သွားသောနေရာအတွက် အောက်ပါအတိုင်း အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၊ ဒုတိယသမ္မတ၏ မူလသက်တမ်း

ကုန်ဆုံးသည်အထိ ဒုတိယသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု သမ္မတ တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။

(ခ) လစ်လပ်သွားသော ဒုတိယသမ္မတနေရာတွင် အမျိုးသားလွှတ်တော်က ချက်ချင်း ဒုတိယသမ္မတအဖြစ် တာဝန်ယူရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၏ ပုံမှန်သက်တမ်းကာလအတွင်း သမ္မတနေရာလစ်လပ်မှု ထပ်မံဖြစ်ပွားပါက ရွေးကောက်ပွဲအသစ်ကို ပုဒ်မ (၁၀၀) ပြဋ္ဌာန်းချက်များအတိုင်း ပြုလုပ်ရမည်။

## ပုဒ်မ (၁၀၇) ကင်းလွတ်ခွင့်

သမ္မတနှင့် ဒုတိယသမ္မတ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတ၏ တာဝန်အရ ပြုလုပ်မှုတစ်ခုခု (သို့မဟုတ်) ပျက်ကွက်မှု တစ်ခုခုအပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖက်ဒရယ်ပြည်ထောင်စုသမ္မတ နှင့် ဒုတိယသမ္မတအပေါ် တရားစွဲဆိုခြင်း မပြုရ။

# အခန်း(၇)
# ဖက်ဒရယ်ပြည်ထောင်စုအစိုးရ

**ပုဒ်မ (၁၀၈) ဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်ဦးဆောင်သော ဒုတိယဝန်ကြီးချုပ် နှင့် ဖက်ဒရယ်ဝန်ကြီးများအဖွဲ့ဖြင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရဝန်ကြီးအဖွဲ့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော်အားအဖွဲ့လိုက် စုပေါင်းတာဝန်ခံရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဝန်ကြီးဌာနများကို ဤဖွဲ့စည်းပုံပြဋ္ဌာန်းချက်နှင့်အညီ လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

**ပုဒ်မ (၁၀၉) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ လုပ်ငန်း**

(က) ဤဖွဲ့စည်းပုံပြဋ္ဌာန်းချက်များနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအုပ်ချုပ်ရေး အာဏာများကို သမ္မတနှင့်အတူ ကျင့်သုံးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံပါ ပြဋ္ဌာန်းထားသော ပြည်ထောင်စုလွှတ်တော်၏ သီးသန့်နှင့် ပူးတွဲ ဥပဒေပြုရေးအာဏာ ဆိုင်ရာကိစ္စများအတွင်း ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လုပ်ဆောင်ချက် နှင့် ပေါ်လစီများကို ပြည်ထောင်စုအစိုးရမှ ဆုံးဖြတ်ရမည်။

(ဂ) ဤဖွဲ့စည်းပုံနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ၎င်း၏

တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်။

(ဃ) ဤဖွဲ့စည်းပုံတွင် ပြဋ္ဌာန်းသည့်အတိုင်း ဖက်ဒရယ်ပြည်ထောင်စု အစိုးရသည် ဖက်ဒရယ်ပြည်ထောင်စု သမ္မတ နှင့် ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုရေးကို အထောက်အကူပေးရမည်။

## ပုဒ်မ (၁၁၀) သက်တမ်း

ဖက်ဒရယ်ပြည်ထောင်စုအစိုးရသက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

## ပုဒ်မ (၁၁၁) ဝန်ကြီးချုပ်

(က) ပြည်သူ့လွှတ်တော်မှ ရွေးကောက်တင်မြှောက်၍ အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်အား ဖက်ဒရယ် ပြည်ထောင်စု သမ္မတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ထောက်ခံမဲရရှိသူ ဖြစ်ရမည်။

(ဂ) ၁၄ ရက်အတွင်း မည်သူမှ ထက်ဝက်ကျော်မဲဖြင့် ရွေးချယ်ခြင်း မခံရလျှင် သာမန်မဲအရေအတွက် အများဆုံး ရရှိသူကို ဝန်ကြီးချုပ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းရမည်။

(ဃ) ဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ပြည်ထောင်စုသမ္မတက ခန့်အပ်ခြင်း (သို့မဟုတ်) ဖယ်ရှားခြင်းအာဏာ ရှိရမည်။

(င) ဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုသမ္မတက တောင်းဆိုလျှင် ၎င်းအား ဆက်ခံမည့်သူ ရွေးချယ်ပြီးသည်အထိ ဆက်လက်တာဝန် ထမ်းဆောင်ရမည်။

(စ) ဝန်ကြီးချုပ်ရာထူးလစ်လပ်မှုရှိပါက ဤဖွဲ့စည်းပုံပြဋ္ဌာန်းချက်နှင့်အညီ ဝန်ကြီးချုပ်အသစ်ကို ရွေးချယ် တင်မြှောက်ရမည်။

## ပုဒ်မ (၁၁၂) ဖက်ဒရယ် ဒုတိယဝန်ကြီးချုပ်

ပြည်ထောင်စုဝန်ကြီးချုပ်က ၎င်း၏တာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်လျှင်ဖြစ်စေ၊ ဖက်ဒရယ် ပြည်ထောင်စုဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ဒုတိယဝန်ကြီးချုပ်မှ တာဝန်ယူဆောင်ရွက်ခွင့်ရှိသည်။

## ပုဒ်မ (၁၁၃) ဝန်ကြီးဌာနများ

ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် အောက်ပါ ဝန်ကြီးဌာနများအပါအဝင် ဝန်ကြီးဌာနများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(၁) နိုင်ငံခြားရေးဝန်ကြီးဌာန၊
(၂) ကာကွယ်ရေးဝန်ကြီးဌာန၊
(၃) ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန၊
(၄) ပြည်ထဲရေးဝန်ကြီးဌာန၊
(၅) ကျန်းမာရေးဝန်ကြီးဌာန၊
(၆) ပညာရေးဝန်ကြီးဌာန၊
(၇) ဆက်သွယ်ရေးဝန်ကြီးဌာန၊
(၈) ပြန်ကြားရေးဝန်ကြီးဌာန၊
(၉) လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊
(၁၀) စွမ်းအင်ဝန်ကြီးဌာန၊
(၁၁) အလုပ်သမားဝန်ကြီးဌာန၊
(၁၂) သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊
(၁၃) စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊
(၁၄) လူမှုဝန်ထမ်းဝန်ကြီးဌာန၊
(၁၅) တရားရေးဝန်ကြီးဌာန၊
(၁၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊
(၁၇) ကျား-မ တန်းတူညီမျှရေးဝန်ကြီးဌာန
(၁၈) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊
(၁၉) သတ္တုတွင်းဝန်ကြီးဌာန၊

## ပုဒ်မ (၁၁၄) ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့ကို ဥပဒေအကြံပေးရန်နှင့် ဖက်ဒရယ် ပြည်ထောင်စုအစိုးရကို ကိုယ်စားပြု၍ ဥပဒေကိစ္စများကို ဆောင်ရွက်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်တစ်ဦး ကို ဝန်ကြီးချုပ်က အမည်တင်သွင်းပြီး ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖက်ဒရယ် ပြည်ထောင်စု သမ္မတက ခန့်အပ်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်သည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ (သို့မဟုတ်) ပြည်ထောင်အစိုးရ အဖွဲ့တစ်ရပ်ရပ်၏ အဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်အစည်းအဝေးများတွင် တက်ရောက်ပိုင်ခွင့်ရှိပြီး မေးမြန်းမှုများကို အစိုးရကိုယ်စား ရှင်းလင်းဖြေရှင်းခွင့်ရှိသည်။

## ပုဒ်မ (၁၁၅) ဖက်ဒရယ်အစိုးရအဖွဲ့၏ တာဝန်

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စု၏ နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ပြုစု၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ပနိုင်ငံတစ်ခုခုမှ ထိပါးတိုက်ခိုက် လာလျှင် (သို့မဟုတ်) ထိပါးတိုက် ခိုက်ခံရရန် အခြေအနေရှိလျှင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် သမ္မတ၏ ခွင့်ပြုချက်ဖြင့် အရေးယူ ဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ဆောင်ရွက်ချက်ကို ဖက်ဒရယ်ပြည် ထောင်စုလွှတ်တော်သို့ အမြန်ဆုံးတင်ပြအတည်ပြုချက်ရယူရ မည်။ လွှတ်တော်အစည်းအဝေး ကျင်းပနေဆဲကာလမဟုတ်လျှင် အနီးကပ်ဆုံး ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရ မည်။

(ဂ) နိုင်ငံတကာငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် ဖက်ဒရယ်

ပြည်ထောင်စုတပ်မတော်မှ ပါဝင်တာဝန်ယူမည့် ကိစ္စရပ်များ၊ ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ စစ်ရေးစွမ်းရည်များ မြှင့်မားလာစေရေးအတွက် နိုင်ငံတကာတပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရေးကိစ္စရပ်များအတွက် ဖက်ဒရယ်ပြည်ထောင်စု အစိုးရသည် သမ္မတနှင့်ညှိနှိုင်းပြီး အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ (သို့မဟုတ်) နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် စာချုပ်များအရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ် ရေးထိုးသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်တိုင်းကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၌ တင်ပြရမည်။

## ပုဒ်မ (၁၁၆) နုတ်ထွက်ခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို ရာထူးမှနုတ်ထွက်လျှင် ဝန်ကြီးများသည်လည်း မိမိတို့ရာထူးများမှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့ တင်သွင်းစေရန် မိမိ၏ နုတ်ထွက်လွှာကို ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခြင်းဖြင့် မည်သည့်အစိုးရအဖွဲ့ဝင် ဝန်ကြီးမဆို ရာထူးမှနုတ်ထွက်နိုင်သည်။

## ပုဒ်မ (၁၁၇) အယုံအကြည်မရှိအဆို

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတာဝန်ယူပြီးနောက် (၁၈) လအတွင်း အစိုးရတစ်ဖွဲ့လုံး (သို့မဟုတ်) အစိုးရအဖွဲ့ဝင် တစ်ဦးချင်းအပေါ် အယုံအကြည်မရှိအဆို တင်သွင်းပိုင်ခွင့် မရှိစေရ။

(ခ) အယုံအကြည်မရှိအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုလျှင် အစိုးရတစ်ဖွဲ့လုံး (သို့မဟုတ်) အဆိုတင်သွင်းခြင်းခံရသူ အစိုးရအဖွဲ့ဝင်သည် တာဝန်မှ နုတ်ထွက်ပေးရမည်။

(ဂ) အစိုးရတစ်ဖွဲ့လုံးနုတ်ထွက်ရပါက ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ

(၁၁၁) အရ ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ဖက်ဒရယ် ပြည်ထောင်စု ဝန်ကြီးချုပ်အသစ်ကို ခန့်အပ်ရမည်။

**ပုဒ်မ (၁၁၈) အခြားတာဝန်ထမ်းဆောင်ခွင့် မရှိခြင်း**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်တို့သည် ၎င်းတို့တာဝန်ယူ ဆောင်ရွက်သည့် တာဝန်များမှ တပါး –

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကိုအခြေခံသည့်လုပ်ငန်းတစ်ခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်း မပြုရ။

# အခန်း (၈)
# ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး

## ပုဒ်မ (၁၁၉) တရားစီရင်ပိုင်ခွင့်အာဏာ

(က) ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားစီရင်မှုအာဏာသည် တရားရုံးများတွင်တည်ရှိရမည်။ တရားစီရင်ရေးအာဏာသည် ပြည်ထောင်စုတခုလုံးတွင် ဤအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်၊ အပြည်ပြည်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သက်ရောက်ကျင့်သုံးသည်။

(ခ) လူတိုင်းအတွက်တရားမျှတမှုကို တရားရုံးများမှ အာမခံရမည်။ နိုင်ငံသားအားလုံး၊ တသီးပုဂ္ဂလများ၊ တရားဝင်အဖွဲ့အစည်းများနှင့် ပြည်နယ်တို့၏ အခွင့်အရေးနှင့်တရားဝင်အကျိုးအမြတ်များကို တရားရုံးများက အကာအကွယ်ပေးရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးအားလုံး၏ ဆုံးဖြတ်ချက်များသည် ဆုံးဖြတ်ချက်ခံယူသူအားလုံးအပေါ် ဥပဒေအရ ချည်နှောင်မှုရှိစေရမည်။ ယင်းဆုံးဖြတ်ချက်များကို အယူခံဝင်ရန် လူတိုင်းတွင် အခွင့်အရေးရှိသည်။

## ပုဒ်မ (၁၂၀) လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်

ဖက်ဒရယ်တရားစီရင်ရေးတွင် လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်ရှိသည်။ ဖက်ဒရယ်တရားစီရင်ရေးသည် ပြည်ထောင်စုအစိုးရ၏ ဥပဒေပြုအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့နှင့် သီးသန့်ဖြစ်စေရမည်။

## ပုဒ်မ (၁၂၁) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး (၉) ဦးအပါအဝင် အမျိုးသားလွှတ်တော်မှ ရွေးချယ်ခန့်အပ်သော ပုဂ္ဂိုလ်နှစ်ဦးနှင့် ပြည်သူ့လွှတ်တော်မှ ရွေးချယ်ခန့်အပ်သော ပုဂ္ဂိုလ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင်ပါဝင်မည့် အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်များရွေးချယ်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၂၂) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများဖွဲ့စည်းခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေးအာဏာကို ကျင့်သုံးဖြေရှင်းနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ၎င်း၏လက်အောက်ခံ ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများကို ဖွဲ့စည်းထားရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါကိစ္စများတွင် ဥပဒေပြဋ္ဌာန်းရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ တိုးချဲ့ဖွဲ့စည်းခြင်းနှင့်

(၂) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများ၏ လုပ်ထုံးလုပ်နည်းများ။

## ပုဒ်မ (၁၂၃) ဖက်ဒရယ်ပြည်ထောင်စု တရားရုံးချုပ် ဖွဲ့စည်းမှု

(က) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ်ကို တရားသူကြီး (၉) ဦးဖြင့်

ဖွဲ့စည်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းပြီး ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသော ပုဂ္ဂိုလ်များကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတမှ တရားရုံးချုပ်တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။

(ဂ) မည်သည့်လွှတ်တော်၏ ကိုယ်စားလှယ်ကိုမျှ ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ်၏ တရားသူကြီးအဖြစ် အမည်စာရင်းတင်သွင်းခြင်း မပြုရ။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ် တရားသူကြီးများအနက်မှ တစ်ဦးကို တရားသူကြီးချုပ်အဖြစ် မိမိတို့ အချင်းချင်းထဲမှ ရွေးချယ်ပြီး သမ္မတက ခန့်အပ်ရမည်။

**ပုဒ်မ (၁၂၄) တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်း**

ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် –

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံး အသက် (၄၅) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) ဥပဒေရေးရာလုပ်ငန်းများတွင် အနည်းဆုံး (၁၀) နှစ် အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။

(ဃ) ရိုးသားဖြောင့်မတ်၍ အကျင့်စာရိတ္တ ကောင်းရမည်။

**ပုဒ်မ (၁၂၅) ဖက်ဒရယ်တရားရုံးချုပ် တရားသူကြီးများ၏ သက်တမ်းကာလ**

ဖက်ဒရယ်တရားလွှတ်တော်ချုပ် တရားသူကြီးများသည် –

(က) တရားသူကြီးကိုယ်တိုင်က ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့ နုတ်ထွက်လွှာကို တင်သွင်းလျှင် ဖြစ်စေ၊

(ခ) မိမိ၏တာဝန်ကိုထမ်းဆောင်ရန် မစွမ်းဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိလျှင်ဖြစ်စေ၊

(ဂ) အကျင့်သိက္ခာလွန်စွာ ပျက်ပြားလျှင်ဖြစ်စေ၊

(ဃ) အသက် (၇၅) နှစ် ပြည့်မြောက်လျှင်ဖြစ်စေ သက်တမ်းကာလ ကုန်ဆုံးစေရမည်။

**ပုဒ်မ (၁၂၆) ရုံးထိုင်ရာနေရာ**

ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု၏ မြို့တော်တွင် တည်ရှိရမည်။ တရားရုံးချုပ်သည် ပြည်နယ်များရှိ ဖက်ဒရယ် ပြည်ထောင်စုတရားရုံးများတွင် ရုံးထိုင်ခွင့်ရှိစေရမည့်အပြင် လိုအပ်ပါက အခြားနေရာများတွင်လည်း ရုံးထိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၂၇) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ်၏ စီရင်ပိုင်ခွင့်အာဏာ**

(က) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများသည် အောက်ပါကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်အာဏာ ရှိစေရမည်။

(၁) ပြည်နယ်အချင်းချင်းကြားတွင် ဖြစ်ပွားသော အငြင်းပွားမှုများ နှင့် အမှုခင်းများ၊

(၂) ပြည်နယ်တစ်ခု၏ ပြည်နယ်သားများနှင့် အခြားပြည်နယ်တစ်ခု၏ ပြည်နယ်သားများအကြားတွင် ဖြစ်ပွားသော အငြင်းပွားမှုများ နှင့် အမှုခင်းများ၊

(၃) အမှုတစ်ခုကို ပြည်နယ်တရားရုံးတစ်ခုမှ အခြားပြည်နယ်တရားရုံးတစ်ခုသို့ လွှဲပြောင်းစစ်ဆေးရန် အမှုများ၊

(၄) ပြည်နယ်တရားရုံးတစ်ခုနှင့် အခြားပြည်နယ်တရားရုံးတစ်ခု အကြား စီရင်ပိုင်ခွင့်နှင့် ပတ်သက်သည့် အငြင်းပွားမှုများ၊

(၅) နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများ (သို့မဟုတ်) ပြည်နယ်အစိုးရ (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စုတို့ အကြား ချုပ်ဆိုသော စာချုပ်စာတမ်းများကို အကြောင်းပြု၍ ပေါ်ပေါက်သော အငြင်းပွားမှုများ

(၆) လူမွဲဖြစ်ခြင်း နှင့် ဒေဝါလီခံခြင်းဆိုင်ရာ မှုခင်းများ၊

(၇) အဖွဲ့ဝင်ပြည်နယ်တစ်ခု နှင့် ဖက်ဒရယ်ဥပဒေတစ်ခုအကြား အငြင်းပွားမှုများ၊

(၈) ဖက်ဒရယ်ပြည်ထောင်စု၏ အပြည်ပြည်ဆိုင်ရာတာဝန် ဝတ္တရား ပြဋ္ဌာန်းချက် နယ်ပယ်အောက် ဖြစ်ပွားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါ စာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့် ရှိသည်။

(၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊

(၂) အာဏာပေး စာချွန်တော်အမိန့်၊

(၃) တားမြစ်စေ စာချွန်တော်အမိန့်၊

(၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊

(၅) အမှုခေါ် စာချွန်တော်အမိန့်၊

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးချုပ်၏ သီးသန့်စီရင်ပိုင်ခွင့် အာဏာများကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၂၈) အဖွဲ့ဝင်ပြည်နယ် တရားရုံးများ

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဖွဲ့ဝင်ပြည်နယ်များသည် တရားရုံးများကို ဖွဲ့စည်းတည်ထောင်ခွင့် ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဥပဒေများနှင့်အညီ ဖြစ်နေသ၍ အဖွဲ့ဝင်ပြည်နယ်တရားရုံးများသည် ၎င်းတည်ရှိရာ ပြည်နယ် (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ဥပဒေ ကို သီးခြားစွာ စီရင်ပိုင်ခွင့်ရှိစေရမည်။

## ပုဒ်မ (၁၂၉) စုံစမ်းစစ်ဆေးခြင်း (တရားသူကြီးများကို စွပ်စွဲပြစ်တင်ခြင်း)

ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပုဒ်မ ၁၂၅ (ခ) သို့မဟုတ် (ဂ) ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်က ပြည်သူ့လွှတ်တော်သို့ တင်ပြလာသော အခါ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ တူညီသော ကိုယ်စားလှယ်အရေအတွက် ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို

လွှတ်တော်နှစ်ရပ်ညှိနှိုင်း၍ ဖွဲ့စည်းရမည်။ ယင်းကော်မရှင်၏ စုံစမ်း စစ်ဆေးတွေ့ရှိချက်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တင်ပြချက်ကိုအနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၇၅ % ၏ မဲဖြင့် ဆုံးဖြတ်ခြင်းပြုရမည်။

## ပုဒ်မ (၁၃၀) ဖက်ဒရယ်ပြည်ထောင်စုတရားသူကြီးများ ခန့်အပ်ခြင်း

(က) ဖက်ဒရယ်တရားသူကြီးများကို ခန့်အပ်ရာတွင် ဖက်ဒရယ်ပြည် ထောင်စု အစိုးရဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု တရား ရုံးချုပ် တရားသူကြီးချုပ်နှင့်ညှိနှိုင်း၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်သို့ အတည်ပြုချက်ရယူရန် တင်ပြရမည်။ ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖက်ဒရယ် ပြည် ထောင်စုသမ္မတက ဖက်ဒရယ်တရားသူကြီးများကို လက်မှတ် ရေးထိုး ခန့်အပ်ရမည်။

(ခ) ဖက်ဒရယ်တရားသူကြီးများ ခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်ခွဲခြားခြင်းမရှိစေရ။

## ပုဒ်မ (၁၃၁) ခံစားခွင့်လစာ

ဖက်ဒရယ်တရားသူကြီးများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးသော လစာကို ရယူခံစားပိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၁၃၂) အခြားတာဝန်ထမ်းဆောင်ခွင့် မရှိခြင်း

ဖက်ဒရယ်တရားသူကြီးများသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တရားစီရင်ရေးတာဝန်မှ တစ်ပါး –

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်း သော် လည်းကောင်း၊

(ခ) အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတစ်ခုခု၏ စီမံခန့်ခွဲရေး အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊

(ဂ) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရအဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

## ပုဒ်မ (၁၃၃) ကင်းလွတ်ခွင့်

ဖက်ဒရယ်တရားသူကြီးများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်းမှလွဲ၍ ၎င်းတို့၏တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အရေးယူတရားစွဲဆိုခြင်း မခံထိုက်စေရ။

# အခန်း(၉)
# နိုင်ငံသားဖြစ်ခြင်း

**ပုဒ်မ (၁၃၄) နိုင်ငံသားအလိုအလျောက်ဖြစ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တစ်ခုခု၏ ပြည်နယ်သားတစ်ဦးသည် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား ဖြစ်သည်။

(ခ) နိုင်ငံသားမိဘနှစ်ဦးမှ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဂ) နိုင်ငံသားမိဘတစ်ဦးဦးမှ ဖက်ဒရယ်ပြည်ထောင်စုနယ်မြေအတွင်း၌ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုသည့်အချိန်တွင် နိုင်ငံသားဖြစ်ပြီးသူများသည် အလိုအလျောက် နိုင်ငံသား ဖြစ်သည်။

(င) သို့ရာတွင် ဤပုဒ်မ (၁၃၄) ပုဒ်မခွဲ (ဃ)အရ နိုင်ငံသားဖြစ်ပြီးသူများဟုဆိုရာတွင် တရားမဝင်သော နည်းလမ်းတစ်ခုခုကို အသုံးပြု၍ နိုင်ငံသားဖြစ်ထားသူများ အကြုံးမဝင်စေရ။

**ပုဒ်မ (၁၃၅) အဖွဲ့ဝင်ပြည်နယ်သားအခွင့်အရေး**

နိုင်ငံသားတစ်ဦးသည် မိမိနေရင်းဒေသပြည်နယ်မှ အခြားပြည်နယ်တစ်ခုအတွင်းသို့ ပြောင်းရွှေ့နေထိုင်သောကိစ္စတွင် ပြောင်းရွှေ့နေထိုင်ရာ ပြည်နယ်၏ ဥပဒေနှင့်အညီသာလျှင် အဆိုပါပြည်နယ်၏ ပြည်နယ်သား ဖြစ်ခွင့် နှင့် မဲပေးပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကို ရရှိစေရမည်။

**ပုဒ်မ (၁၃၆) ဥပဒေအရ နိုင်ငံသားပြန်လည်ဖြစ်ခွင့်**

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီအချိန်တွင် မြန်မာနိုင်ငံသားအဖြစ်မှ ရုပ်စဲခံရသူများသည် ဥပဒေ နှင့်အညီ နိုင်ငံသားဖြစ်ခွင့်လျှောက်ထားလာလျှင် နိုင်ငံသားအဖြစ် ပြန်လည်ရရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်ပြင်ပ၌ နိုင်ငံသားမိဘတစ်ဦးဦးမှ မွေးဖွားလာသော ကလေးသည် နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၁၃၇) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခွင့်**

(က) ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ မတိုင်မီကပင် မြန်မာနိုင်ငံအတွင်း၌ မွေးဖွား၍ အစဉ်တစိုက် နေထိုင်လာခဲ့သော နိုင်ငံခြားသားများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားဖြစ်ခွင့် ရှိစေရမည်။

(ခ) နိုင်ငံသားမိဘတစ်ဦးဦးမှ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဂ) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်းနှင့် ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၃၈) တပြိုင်နက်နိုင်ငံသားနှစ်ခုဖြစ်ခွင့်**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတစ်ဦးသည် အခြားနိုင်ငံတစ်ခု၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။

(ခ) ထိုသို့ခံယူခြင်းကြောင့် မူလဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်မှု အလိုအလျောက် ဆုံးရှုံးခြင်းမရှိစေရ။

**ပုဒ်မ (၁၃၉) နိုင်ငံသားအဖြစ် မဲပေးပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတစ်ဦး မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တစ်ခုသို့လည်ကောင်း၊ အခြားနိုင်ငံတစ်ခုသို့လည်းကောင်း

ပြောင်းရွှေ့နေထိုင်သော်လည်း ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သော ဆန္ဒခံယူပွဲ၊ ရွေးချယ်တင်မြှောက်ပွဲများတွင် မဲပေးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၄၀) ပြည်နယ်သားအဖြစ် မဲပေးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတစ်ဦးသည် နေထိုင်ရာ ပြည်နယ်တွင်သာ မဲပေးခွင့်နှင့် အရွေးချယ်ခံပိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံသားတစ်ဦးသည် ပြည်နယ်တစ်ခုထက်ပို၍ မဲပေးခွင့်နှင့် ရွေးချယ်ပိုင်ခွင့် မရှိစေရ။

**ပုဒ်မ (၁၄၁) ပြည်နယ်သားဖြစ်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ဥပဒေပြုလွှတ်တော် များသည် ပြည်နယ်သားဖြစ်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပိုင်ခွင့်ရှိစေရ မည်။

**ပုဒ်မ (၁၄၂) အဝေးရောက်နိုင်ငံသားများ**

ဖက်ဒရယ်ပြည်ထောင်စု၏ အခြားပြင်ပနိုင်ငံများသို့ ရောက်ရှိနေထိုင်လျက် ရှိသော နိုင်ငံသားများ၏ အခွင့်အရေး နှင့် တာဝန်ဝတ္တရားဆိုင်ရာ ကိစ္စရပ် များအတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ ဥပဒေ ပြဋ္ဌာန်းပေးရမည်။

# အခန်း(၁၀)
# ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ

## ပုဒ်မ (၁၄၃) ပါတီစုံဒီမိုကရေစီစနစ်

ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်သည် ပါတီစုံ ဒီမိုကရေစီစနစ် ဖြစ်သည်။ ဥပဒေများကို ပြဋ္ဌာန်းရာတွင် ဤစနစ်ကို ထင်ဟပ်စေရမည်။

## ပုဒ်မ (၁၄၄) မဲပေးခြင်း

အသက် (၁၈) နှစ် ပြည့်ပြီးသူ နိုင်ငံသားများအားလုံးသည် ဖက်ဒရယ် အထွေထွေ ရွေးကောက်ပွဲတွင် တန်းတူ မဲပေးပိုင်ခွင့်ရှိသည်။

## ပုဒ်မ (၁၄၅) ရွေးကောက်ပွဲကော်မရှင်

(က) ဤဖွဲ့စည်းပုံနှင့်အညီ ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်သို့ အဆိုတင်သွင်းပြီး ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ရမည်။

(ခ) ရွေးကောက်ပွဲကော်မရှင်သည် လက်ရှိရွေးကောက်ပွဲဆိုင်ရာနှင့် ပါတီဆိုင်ရာစနစ်၏ အခြေအနေ၊ ထိရောက်မှုနှင့် ပြင်ဆင်ရန်လိုအပ်မှုတို့ကို လေ့လာခြင်း၊ ရေးသားထုတ်ဝေခြင်းနှင့် လမ်းညွှန်မှုနှင့် အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပိုင်ခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲကော်မရှင်သည် သီးခြားလွတ်လပ်ပြီး အစိုးရနှင့် မသက်ဆိုင်စေရ။

(ဃ) ရွေးကောက်ပွဲကော်မရှင်ကိုရွေးချယ်ရာတွင် အမျိုးသားလွှတ်တော်မှ ကော်မရှင်လောင်း (၁၁) ဦး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပြီးလျှင် သမ္မတသည် ကော်မရှင်အဖွဲ့ကို အတည်ပြုရမည်။

(င) ရွေးကောက်ပွဲကော်မရှင်သည် အမြဲတမ်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲနှင့် ဆန္ဒခံယူပွဲဆိုင်ရာ လုပ်ငန်းများအားလုံးကို ပြင်ဆင်ခြင်း၊ ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း နှင့် စီစစ်အတည်ပြုခြင်းများကို လုပ်ဆောင်ပြီး ရလဒ်များကို ထုတ်ပြန်ကြေညာရမည်။

(စ) ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်း၊ အာဏာနှင့် တာဝန်တို့ကို ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ပေးရမည်။ ရွေးကောက်ပွဲ ကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့များကို လက်ခံပိုင်ခွင့်ရှိသည်။

(ဆ) ရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏တာဝန်များကို ဆောင်ရွက်နိုင်ရန် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည့် အာဏာရှိရမည်။

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် မည်သည့်နိုင်ငံရေးပါတီနှင့်မျှ ပတ်သက်ခြင်းမရှိစေရ။

(ဈ) ရွေးကောက်ပွဲဝင်အရွေးခံသူ (သို့မဟုတ်) မဲဆန္ဒရှင်တစ်ဦးဦးသည် ရွေးကောက်ပွဲနှင့်ပတ်သက်သော ပြဿနာများကို ရွေးကောက်ပွဲကော်မရှင်ထံသို့တိုင်ကြားနိုင်သည်။ ယင်းတိုင်ကြားချက်နှင့် ပတ်သက်သော ကော်မရှင်၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်မှုရှိပါက သက်ဆိုင်ရာ တရားရုံးတစ်ခုခုတွင် ဥပဒေနှင့်အညီ အယူခံ ဝင်နိုင်သည်။

## ပုဒ်မ (၁၄၆) ရွေးကောက်ပွဲ ဥပဒေ

ရွေးကောက်ပွဲရက် သတ်မှတ်ခြင်း၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၊ မဲရေတွက်ခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းခြင်း အပါအဝင် အခြားရွေးကောက်ပွဲကိစ္စ

များကို အုပ်ချုပ်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေက စည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများကို ပြဌာန်းရမည်။

## ပုဒ်မ (၁၄၇) နိုင်ငံရေးပါတီဥပဒေ

(က) နိုင်ငံရေးပါတီများကို အခြေခံဒီမိုကရေစီကျင့်စဉ်မှုများနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းနိုင်သည်။

(ခ) နိုင်ငံရေးပါတီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ နိုင်ငံရေးအခြေခံမူဝါဒချမှတ်ခြင်း၊ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း နှင့် ရွေးကောက်ပွဲဆိုင်ရာ မူဝါဒချမှတ်ထားရန်ဖြစ်သည်။

(ဂ) အမျိုးသားစည်းလုံးညီညွတ်မှုကို ရေးရှုသောအားဖြင့် ဒေသအားလုံး၊ လူမှုအသိုင်းအဝန်းနှင့် နိုင်ငံသားအားလုံးတို့၏အကျိုးကို ကိုယ်စားပြုရန် နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် ရွေးကောက်ပွဲဝင်ပြည်သူ့ကိုယ်စားလှယ်များ ထွက်ပေါ်လာရေး စသည့် မျှော်မှန်းချက်များကို ရည်ရွယ်ခြင်းဖြစ်စေရမည်။

## ပုဒ်မ (၁၄၈) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ

(က) ရွေးကောက်ပွဲများအားလုံးတွင် သီးခြားလွတ်လပ်သော ရွေးကောက်ပွဲ စောင့်ကြည့်လေ့လားသူများ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားပြီး လွတ်လပ်စွာ စောင့်ကြည့် လေ့လာခွင့်ပေးရမည်။

(ခ) ရွေးကောက်ပွဲဆိုင်ရာ မှတ်ပုံတင်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲထည့်ခြင်းနှင့် မဲရေတွက်ခြင်း စသည်တို့ကို စောင့်ကြည့်လေ့လာရန်နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားပြီး စောင့်ကြည့်လေ့လာပိုင်ခွင့်ပေးရမည်။

(ဂ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဆိုင်ရာ စည်းမျဉ်းများ ချောမွေ့စေရန်နှင့် နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ ဖြစ်စေရန် ရည်ရွယ်ခြင်း ဖြစ်ရမည်။

# အခန်း(၁၁)
# ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များ

**ပုဒ်မ (၁၄၉) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့များ ဆိုင်ရာ အခြေခံမူများ**

(က) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များသည် ဖက်ဒရယ်ပြည်ထောင်စု ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မည်သည့် နိုင်ငံရေးပါတီ၏ ပါတီဝင်မျှ မဖြစ်စေရ။ မည်သည့် နိုင်ငံရေးပါတီ/ လူပုဂ္ဂိုလ်တို့၏ သြဇာခံ မဖြစ်စေရ။

(င) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့်လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုတွင် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်များအားလုံး၏ အချိုးကျကိုယ်စားပြုမှုရှိရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များအတွင်း လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်နှင့် လိင်စိတ်ကွဲပြားမှုတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မရှိစေရ။

## ပုဒ်မ (၁၅၀) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လက်နက်ကိုင် တပ်ဖွဲ့များ

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သော ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအဖွဲ့များကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

## ပုဒ်မ (၁၅၁) ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒများ

ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒများကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ချမှတ်ပေးရမည်။

## ပုဒ်မ (၁၅၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်

(က) ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ပရန်မှ ကာကွယ်ရန် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တစ်ရပ်ကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ စစ်သေနာပတိချုပ်ဖြစ်သည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ချမှတ်ထားသော ပြည်ထောင်စုတပ်မတော်၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒများကို တာဝန်ခံဆောင်ရွက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ နေ့စဉ်လုပ်ငန်းဆိုင်ရာကိစ္စများသည် ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် ရှိစေရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးသည် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူ မည်သူ့ကိုမျှ ခန့်အပ်ခြင်း မရှိစေရ။ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးသည် အရပ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ဖြစ်စေရမည်။

## ပုဒ်မ (၁၅၃) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို ကြည်းတပ်၊ ရေတပ်၊ လေတပ် တို့ဖြင့် လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းထားရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ဖွဲ့စည်းမှုဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသတ်မှတ်ရမည်။

## ပုဒ်မ (၁၅၄) အရပ်ဘက်အုပ်ချုပ်ရေး

ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် မည်သည့်အချိန်အခါမဆို အရပ်ဘက် အစိုးရ အုပ်ချုပ်ရေးအောက်တွင်သာ ရှိစေရမည်။

## ပုဒ်မ (၁၅၅) စစ်တက္ကသိုလ်များ

ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ် တို့အတွက် သီးခြားသော စစ်တက္ကသိုလ်များ ဖွဲ့စည်းတည်ထောင်ရမည်။ ယင်းတက္ကသိုလ်များတွင် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များမှ အချိုးကျ တက်ရောက်သင်ကြားခွင့် ရှိစေရမည်။

## ပုဒ်မ (၁၅၆) စစ်ပညာသင်တန်းတွင် အရပ်ဖက်ဆိုင်ရာဘာသာရပ်များကို ထည့်သွင်းသင်ကြားခြင်း

စစ်ပညာသင်တန်း အဆင့်ဆင့်တွင် စစ်ဘက်ဆိုင်ရာ ဘာသာရပ်များ အပြင် –

(က) ဒီမိုကရေစီအခြေခံကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများ၊

(ခ) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အရပ်ဘက် အုပ်ချုပ်ရေးဆိုင်ရာ အခြေခံသဘောတရားများကိုပါ ထည့်သွင်းသင်ကြားပို့ချရမည်။

**ပုဒ်မ (၁၅၇) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့်တရားဥပဒေ စိုးမိုးရေးကို ကာကွယ်ထိန်းသိမ်းရန် ဖက်ဒရယ်ပြည်ထောင်စု ရဲ တပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို အရပ်သားအစိုးရအုပ်ချုပ်ရေး လက်အောက်တွင် ထားရှိရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေ ပြဋ္ဌာန်းပေးရမည်။

# အခန်း(၁၂)
# အရေးပေါ်အခြေအနေ

**ပုဒ်မ (၁၅၈) အရေးပေါ်အခြေအနေ**

အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေဟု မှတ်ယူရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်ကို ပြည်ပလက်နက်ကိုင်တပ်များက တိုက်ခိုက်ခြင်း (သို့မဟုတ်) တိုက်ခိုက်မည်ဟု ခိုင်လုံသော အကြောင်းရှိခြင်း။

(ခ) သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်ခြင်း (သို့မဟုတ်) ဖြစ်ပေါ်လာရန် ခိုင်လုံသော အကြောင်းရှိခြင်း။

(ဂ) ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားပြီး အများပြည်သူ၏ လုံခြုံမှုနှင့် အေးချမ်းသာယာမှုကို သိသာထင်ရှားစွာ ခြိမ်းခြောက်ထိပါး ပျက်ပြားသည့် အခြေအနေ ပေါ်ပေါက်ခြင်း။

**ပုဒ်မ (၁၅၉) အရေးပေါ်အခြေအနေကြေညာခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ အထက်ပုဒ်မ ၁၅၈ (က) သို့မဟုတ် (ခ) တို့အတွက် အရေးပေါ် အခြေအနေ ကြေညာပေးရန် တောင်းဆိုလာလျှင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ် ပြည်ထောင်စုတဝှမ်းလုံးအတွက်ဖြစ်စေ၊ ဒေသတစ်ခုအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေကြေညာပေးရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ အထက်ပုဒ်မ ၁၅၈ (ဂ)အရ

အရေးပေါ်အခြေအနေ ကြေညာပေးရန် တောင်းဆိုလာပါက ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုတဝှမ်းလုံး အတွက်ဖြစ် စေ၊ ဒေသတစ်ခုအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေ ကြေညာပေးနိုင်သည်။

(ဂ) အရေးပေါ်အခြေအနေကြေညာခြင်းသည် ပုဒ်မ ၁၅၈ (က) သို့မဟုတ် (ဂ)ပါ ကိစ္စရပ်များအတွက် ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေး (သို့မဟုတ်) ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကို ခေါ်ယူ၍ တင်ပြအတည်ပြုချက် ရယူရမည်။ ပြည်သူ့လွှတ်တော်က အရေးပေါ်အခြေအနေ ကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

(ဃ) ပြည်သူ့လွှတ်တော် ဖျက်သိမ်းထားသောကာလအတွင်း အရေးပေါ်အခြေအနေ ကြေညာခြင်းဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့တင်ပြ၍ အနီးကပ်ဆုံး အမျိုးသားလွှတ်တော်အစည်းအဝေး (သို့မဟုတ်) အမျိုးသားလွှတ်တော်အရေးပေါ် အစည်းအဝေးကို ခေါ်ယူ၍အတည်ပြုချက် ရယူရမည်။ အမျိုးသားလွှတ်တော်က အရေးပေါ်အခြေအနေ ကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

## ပုဒ်မ (၁၆၀) အရေးပေါ်အခြေအနေ တည်ရှိသည့်သက်တမ်းကာလ

(က) အရေးပေါ်အခြေအနေကြေညာပြီးနောက် တည်ရှိရမည့် သက်တမ်းကာလကို အရေးပေါ်အခြေအနေ ကြေညာရန် လိုအပ်သည့် အကြောင်းရင်းပေါ်မူတည်၍ အောက်ပါအတိုင်း သတ်မှတ်နိုင်သည်။

(၁) ပုဒ်မ ၁၅၈ (က) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်း ကာလကို (၃) လအထိ သတ်မှတ်နိုင်သည်။

(၂) ပုဒ်မ ၁၅၈ (ခ) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်း ကာလကို (၆) လအထိ သတ်မှတ်နိုင်သည်။

(၃) ပုဒ်မ ၁၅၈ (ဂ) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်း ကာလကို (၁) လအထိ သတ်မှတ်နိုင်သည်။

(ခ) အရေးပေါ်အခြေအနေသက်တမ်းကာလကို ထပ်မံသက်တမ်း တိုးမြှင့်ရန် လိုအပ်ပါက ပုဒ်မ ၁၆၀ (က)ပါ သတ်မှတ်ထားသည့် ကာလထက် မကျော်လွန်သော တိုးမြှင့်မှုတိုင်းကို ပြည်သူ့လွှတ်တော်၏ သဘောတူအတည်ပြုချက်ဖြင့်သာ တိုးမြှင့်နိုင်သည်။ အကယ်၍ ပြည်သူ့လွှတ်တော်၏ ထက်ဝက်ကျော် မဲဆန္ဒဖြင့် အတည်ပြုချက်မရရှိလျှင် မည်သည့်သက်တမ်းတိုးခြင်းကိုမျှ တရားဝင် မဖြစ်စေရ။

(ဂ) ပြည်သူ့လွှတ်တော် ဖျက်သိမ်းထားသောကာလအတွင်း အရေးပေါ် အခြေအနေ သက်တမ်းကာလကို ထပ်မံတိုးမြှင့်ရန် လိုအပ်ပါက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု သမ္မတထံ သို့တင်ပြ၍ အနီးကပ်ဆုံး အမျိုးသားလွှတ်တော် အစည်းအဝေး (သို့မဟုတ်) အမျိုးသားလွှတ်တော် အရေးပေါ် အစည်းအဝေးကိုခေါ်ယူ၍ အမျိုးသားလွှတ်တော်၏ ထက်ဝက်ကျော် မဲဆန္ဒဖြင့် အတည်ပြုချက် ရယူရမည်။ အမျိုးသားလွှတ်တော်က အရေးပေါ်အခြေအနေသက်တမ်းကာလ ထပ်မံတိုးမြှင့်ခြင်းကို အတည်မပြုပါက ပျက်ပြယ်စေရမည်။

## ပုဒ်မ (၁၆၁) လုပ်ပိုင်ခွင့်နှင့်တာဝန်

(က) ပုဒ်မ ၁၅၈ (က)ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် –

(၁) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြု၍ ဖက်ဒ ရယ် ပြည်ထောင်စု၏ ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့

များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့်ကာကွယ်ရေးနှင့် လက်နက်ကိုင်တပ်ဖွဲ့ကိုမဆို ဖက်ဒရယ်ပြည်ထောင်စု အစိုးရ အဖွဲ့၊ သက်ဆိုင်ရာ ပြည်ထောင်အစိုးရတို့နှင့် ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရပ်သိမ်းခွင့် ရှိစေရမည်။

(ခ) ပုဒ်မ ၁၅၈ (ခ)ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ပြည်ထောင် လက်နက်ကိုင်တပ်များကို စုစည်းအသုံးချခြင်း၊ ပြည်ထောင်အစိုးရ များသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့် ရှိစေရ မည်။

(ဂ) ပုဒ်မ ၁၅၈ (ဂ)ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ် အခြေအ နေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် –

(၁) ပြည်ထောင်လက်နက်ကိုင်တပ်များကို စုစည်းအသုံးချခြင်း၊ ပြည်ထောင်အစိုးရများသို့ ညွှန်ကြား ချက်များ ထုတ်ပြန်ခွင့် ရှိစေရမည်။

(၂) ပြည်ထောင်လက်နက်ကိုင်တပ်ဖွဲ့များနှင့် လုံလောက်ခြင်း မရှိမှသာလျှင် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကို အကန့်အသတ်ဖြင့် အသုံးပြုစေရမည်။

(ဃ) အရေးပေါ်အခြေအနေကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စု အစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို အနီးကပ်ဆုံး ပြည်သူ့လွှတ် တော်နှင့် (အမျိုးသား)လွှတ်တော်အစည်းအဝေးများသို့ တင်ပြ အစီရင်ခံရမည်။

**ပုဒ်မ (၁၆၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီစစ်ခြင်း**

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာအပ်နှင်းထားသော ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးသည် –

(က) အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်း၊

(ခ) အရေးပေါ်အခြေအနေ၏ သက်တမ်းကာလတိုးမြှင့်ခြင်း၊

(ဂ) အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်းကြောင့် ပြဋ္ဌာန်းထားသော ဥပဒေ (သို့မဟုတ်) အခြား လုပ်ဆောင်မှုတစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ–မရှိ ကို စီစစ် ဆုံးဖြတ်နိုင်သည်။

**ပုဒ်မ (၁၆၃) အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး**

မည်သို့သော အရေးပေါ်အခြေအနေအောက်တွင်မဆို တရားစီရင်ရေးအာဏာသည် တရားရုံးများတွင်သာ တည်ရှိရမည်။ တည်ဆဲဥပဒေနှင့်အညီ ခန့်အပ်ထားသော တရားသူကြီးများကသာ တရားစီရင်ရမည်။

**ပုဒ်မ (၁၆၄) ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခြင်း၏ အကျိုးဆက်ကြောင့် ပြဋ္ဌာန်းသော ဥပဒေ (သို့မဟုတ်) မည်သည့်လုပ်ဆောင်မှုကမျှ အခန်း (၂) ပုဒ်မ (၁၀) နှင့် (၁၁)ပါ အခွင့်အရေး အပါအဝင် နိုင်ငံသားတစ်ဦး၏ လူ့ဂုဏ်သိက္ခာနှင့် အသက်ရှင်ရပ်တည်ပိုင်ခွင့်တို့ကို မထိခိုက်စေရ။

**ပုဒ်မ (၁၆၅) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်းမှ တားမြစ်ခြင်း**

အရေးပေါ်အခြေအနေကာလအတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း မရှိစေရ။

**ပုဒ်မ (၁၆၆) အစိုးရကို ဖျက်သိမ်းခြင်း**

အရေးပေါ်အခြေအနေကာလအတွင်းတွင် ပြည်ထောင်စုလွှတ်တော်ကို ဖျက်သိမ်းခြင်း မရှိစေရ။

**ပုဒ်မ (၁၆၇) အရေးပေါ်ကာလအတွင်း ဥပဒေပြဋ္ဌာန်းချက်**

အရေးပေါ်အခြေအနေကြေညာခြင်း၏ နောက်ဆက်တွဲကြောင့် လူပုဂ္ဂိုလ်နှင့်

ပတ်သက်၍ဖြစ်စေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ဖြစ်စေ၊ ရုပ်သိမ်းပိုင်ခွင့် မရှိသော အခြေခံအခွင့်အရေးများမှလွဲ၍ မည်သည့်အခွင့်အရေးနှင့် ကန့်သတ်ချက်များမဆို လိုအပ်သောဥပဒေကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၆၈) အရေးပေါ်အခြေအနေပြီးဆုံးခြင်း**

(က) သတ်မှတ်ထားသည့် အရေးပေါ်အခြေအနေ သက်တမ်းကာလ အလိုအလျောက် ကုန်ဆုံးလျှင်ဖြစ်စေ၊ သမ္မတမှ ရုပ်သိမ်းလျှင်ဖြစ်စေ၊ လွှတ်တော်တစ်ရပ်ရပ်မှ အတည်မပြုလျှင်ဖြစ်စေ အရေးပေါ် အခြေအနေ သက်တမ်းကာလ ပြီးဆုံးစေရမည်။

(ခ) အရေးပေါ်သက်တမ်းကာလ ပြီးဆုံးကြောင်းကို တရားဝင် နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

# အခန်း(၁၃)
# အထွေထွေပြဌာန်းချက်များ

## ပုဒ်မ (၁၆၉) ဖက်ဒရယ်ပြည်ထောင်စု သင်္ကေတများ

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ အလံတော်မှာ .............. ပြည်နယ်များ စုပေါင်းထားသည့် အသွင်သဏ္ဍာန်ပေါ်လွင်စေသည့် ပြည်ထောင်စုမြေပုံပတ်လည်တွင် ပြည်နယ်များကို ကိုယ်စားပြုသည့် ကြယ်ပွင့်များဖြင့်ဝန်းရံထားသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပြည်ထောင်စုတံဆိပ်မှာ ..............။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ရုံးတံဆိပ်မှာ ..............။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပြည်ထောင်စုသီချင်းမှာ ..............။

(င) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ မြို့တော်မှာ မဟာရန်ကုန် ဖြစ်ရမည်။ ဖက်ဒရယ်ပြည်ထောင်စု အစိုးရ ရုံးစိုက်ရာနေရာသည် ဖက်ဒရယ်နယ်မြေဖြစ်စေရမည်။ ဖက်ဒရယ်မြို့တော်ဆိုင်ရာဥပဒေ အသေးစိတ်ကို ပြည်ထောင်စုလွှတ်တော်က ပြဌာန်းရမည်။

## ပုဒ်မ (၁၇၀) ရုံးသုံးဘာသာ

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအဖြစ် ဗမာဘာသာနှင့် အင်္ဂလိပ်ဘာသာကို သတ်မှတ်သည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးတွင် ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအပြင် ယင်းပြည်နယ်၏ အမျိုးသားဘာသာကိုလည်း ရုံးသုံးဘာသာအဖြစ် သတ်မှတ်ရမည်။

## ပုဒ်မ (၁၇၁) – ကျမ်းကျိန်ခြင်း

ဖက်ဒရယ်ပြည်ထောင်စု၏

(က) သမ္မတ၊

(ခ) ဝန်ကြီးချုပ်၊

(ဂ) အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်၊

(င) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊

(စ) ဖက်ဒရယ်ပြည်ထောင်စု စာရင်းစစ်ချုပ်၊

တို့သည် မိမိတို့အား ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်း အတည်ပြုပြီးသည်နှင့်တပြိုင်နက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျမ်းကျိန်လွှာအတိုင်း သက်ဆိုင်ရာ နေရာဌာနများတွင် မဆိုင်းမတွ ကျမ်းသစ္စာကျိန်ဆိုရမည်။

## ပုဒ်မ (၁၇၂) ကော်မရှင်

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါလွှတ်လပ်သော ကော်မရှင်များကို ဖွဲ့စည်းနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းရမည်။

(၁) လူ့အခွင့်အရေးကော်မရှင်

(၂) ကျား–မ တန်းတူညီမျှရေးကော်မရှင်

(၃) အဂတိလိုက်စားမှု စုံစမ်းတိုက်ဖျက်ရေးကော်မရှင်

(၄) ပြည်ထောင်စု ဝန်ထမ်းရေးရာကော်မရှင်

(၅) ရွေးကောက်ပွဲကော်မရှင်

(၆) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မရှင်

(၇) ကလေးအခွင့်အရေး ကာကွယ်ရေးကော်မရှင်

(၈) လူနည်းစုအခွင့်အရေးကာကွယ်ရေးကော်မရှင်

(ခ) အထက်ပါကော်မရှင်များ၏ ထမ်းဆောင်ရမည့်တာဝန်များနှင့် ဖွဲ့စည်းမှုကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အထက်ပါကော်မရှင်များအပြင် လိုအပ်သော ကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## ပုဒ်မ (၁၇၃) လူ့အခွင့်ရေးကော်မရှင်

(က) အမျိုးသားလွှတ်တော်က ရွေးချယ်အမည်စာရင်း တင်သွင်းသော ပုဂ္ဂိုလ် (၁၁)ဦးကို ပြည်သူ့လွှတ်တော်က လက်ခံအတည်ပြုပြီးပါက ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(၁) ကော်မရှင်အဖွဲ့ဝင်အနည်းဆုံး (၄)ဦးသည် လူမှုအဖွဲ့အစည်းများနှင့် အစိုးမဟုတ်သော အဖွဲ့အစည်းများတွင် လူ့အခွင့်အရေးဆိုင်ရာ အလုပ်အတွေ့အကြုံ ကောင်းမွန်စွာရှိထားသူများ ဖြစ်ရမည်။

(၂) ကော်မရှင်အဖွဲ့တွင် အမျိုးသမီးများ ပါဝင်ရမည်။

(၃) ကော်မရှင်အဖွဲ့ဝင် အနည်းဆုံးထက်ဝက်သည် လူနည်းစုတိုင်းရင်းသားအဖွဲ့ဝင်များ ဖြစ်ရမည်။

(၄) ကော်မရှင်အဖွဲ့ဝင်များအားလုံးသည် ရိုးသားဖြောင့်မတ်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာသူ ဖြစ်ရမည်။

(ခ) ကော်မရှင်အဖွဲ့ဝင်များအားလုံး၏သက်တမ်းမှာ (၆) နှစ်ဖြစ်ရမည်။ သို့ရာတွင် ကော်မရှင်ကို ပထမဆုံး ခန့်အပ်ပြီးချိန်တွင် ၎င်း၏ အဖွဲ့ဝင် (၃) ဦးသည် (၂) နှစ်သက်တမ်း ထမ်းဆောင်ပြီး နောက်ထပ် (၄) ဦးမှာ (၄) နှစ်သက်တမ်း ထမ်းဆောင်ရမည်။ ကနဦး အဖွဲ့ဝင်များကို ခန့်အပ်ပြီးသည့်နောက်တွင် ပိုမိုတိုတောင်းသည့် သက်တမ်းရှိသော အဖွဲ့ဝင်များကို မဲစနစ်ဖြင့် ရွေးချယ်တင်မြောက်ရမည်။

(ဂ) တာဝန်သက်တမ်းကာလအတွင်း မည်သည့်အဖွဲ့ဝင်၏ လစာမှု အပြောင်းအလဲများ မရှိစေရ။ မည်သည့်အဖွဲ့ဝင်ကိုမှု ၎င်း၏ ဆန္ဒ မပါဘဲ တာဝန်မှဖယ်ရှားခြင်းမရှိစေရ။ အဖွဲ့ဝင်သည် ၎င်း၏ တာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိတော့ခြင်း (သို့မဟုတ်) အကျင့်စာရိတ္တ လွန်စွာပျက်စီးကြောင်း စုံစမ်းတွေ့ရှိလျှင် တရားသူ ကြီးများအား စွပ်စွဲဖြုတ်ချသည့်နည်းလမ်းအတိုင်း တာဝန်မှ ဖယ် ရှားရမည်။

(ဃ) ကော်မရှင်သည် အောက်ပါအာဏာများ ရှိစေရမည်။

(၁) အစိုးရအစိတ်အပိုင်းတစ်ခုခုမှ ချိုးဖောက်သော လူ့အခွင့်အရေး များအပေါ် တိုင်တန်းချက်များကို လက်ခံရရှိပြီး စုံစမ်းစစ် ဆေးပိုင်ခွင့်ရှိသည်။ တိုင်တန်းမှုကို ပြီးပြတ်အောင် ဖြေရှင်း နိုင်ခြင်းမရှိလျှင် တရားရုံး၏အကူအညီကို ရယူနိုင်သည်။

(၂) ပြည်တွင်း လူ့အခွင့်အရေးကျင့်စဉ်နှင့် အခြေအနေအပေါ် သုတေသန (သို့မဟုတ်) စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး ၎င်းတို့ ၏ ရှာဖွေတွေ့ရှိချက်ကို လူထုသိရှိအောင် ထုတ်ပြန်ရ သည်။

(၃) လူ့အခွင့်အရေးဆိုင်ရာ လူထုပညာပေးခြင်း။

(၄) အစိုးရအဖွဲ့အစည်းများအား လူ့အခွင့်အရေးကျင့်စဉ်များနှင့် စပ်လျဉ်း၍ အကြံပေးခြင်း။

(၅) ကော်မရှင်၏ အစီရင်ခံစာတွင်ဖြစ်စေ၊ အမှုတစ်ခုခုတွင် ဖြစ် စေ ပါရှိသော အကြံပြုချက်များကို အစိုးရအဖွဲ့အစည်းများက လိုက်နာခြင်း ရှိမရှိကို စောင့်ကြပ်ကြည့်ရှုခြင်း။

(၆) အဆိုပြုတင်ပြထားသောဥပဒေကြမ်းများသည် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်နှင့် ကိုက်ညီမှု ရှိ မရှိ၊ လူ့အခွင့်အရေး ကျင့်စဉ်များအပေါ် မည်သို့ အကျိုးသက်ရောက်မှုရှိမည်ကို စီစစ်ခြင်း။

(င) ကော်မရှင်သည် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သော ဝန်ထမ်းများနှင့် ငွေကြေး ထောက်ပံ့မှုများ ရရှိစေရမည်။

(စ) ကော်မရှင်သည် လူမှုအသင်းအဖွဲ့များ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် လူမှုအသိုင်းအဝန်းများကို အခြေခံသော အသင်းအဖွဲ့များနှင့် ပုံမှန်အဆက်အသွယ်ပြုပြီး လူထုအစည်းအဝေးများပြုလုပ်ခြင်းနှင့် မိမိလုပ်ငန်းများကို အများပြည်သူများသို့ အလွယ်တကူ သိရှိနိုင်ရန် ထုတ်ပြန်ပေးရမည်။

(ဆ) လူ့အခွင့်အရေးကော်မရှင်သည် မိမိဆောင်ရွက်ချက်များကို ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**ပုဒ်မ (၁၇၄) အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်**

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီ ကာလအတောအတွင်း အာဏာပိုင်တစ်ရပ်ရပ်၏ ပြုမှုဆောင်ရွက်ချက် တစ်စုံတရာကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုခံစားရသော နိုင်ငံသားများ၏ နစ်နာချက်များကို စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ရန်အတွက် အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

(ခ) အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်၏ ဖွဲ့စည်းမှု၊ သက်တမ်းကာလ၊ တာဝန် နှင့် လုပ်ပိုင်ခွင့်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

(ဂ) ကော်မရှင်ကို တူညီသော အမျိုးသား၊ အမျိုးသမီး ကိုယ်စားလှယ်ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလ နစ်နာချက်များအား ပြန်လည်ကုစားရေးအတွက် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၇၅) နိုင်ငံတကာသဘောတူညီချက်စာချုပ်များနှင့် တာဝန်ဝတ္တရားများကိစ္စ**

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး တင်ပြလာသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်များနှင့်

စပ်လျဉ်းသော နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်များ နှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေမူများကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေအစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းပြဋ္ဌာန်းရမည်။

(ခ) အစိုးရများအကြားချုပ်ဆိုသော နည်းပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီချက်များသည် ဖက်ဒရယ် ပြည်ထောင်စုမှ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြပြီးသည်နှင့် အလိုအလျောက် ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေဖြစ်သွားစေရမည်။ နည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဟုတ်၏–မဟုတ်၏ အတည်ပြုခြင်းကို ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများက စီစစ်ဆုံးဖြတ်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အပြည်ပြည်ဆိုင်ရာ စာချုပ်ဥပဒေများ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းများကို အတည်ပြုပြဋ္ဌာန်းခြင်း မပြုလျှင် ၎င်းဥပဒေနှင့်မူများသည် နိုင်ငံတကာ ဥပဒေတစ်ခုအဖြစ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားရုံးများတွင် ကိုးကားအသုံးပြုနိုင်သည်။

## ပုဒ်မ (၁၇၆) လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း

(က) ပြည်သူ့လွှတ်တော်သည် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) အနည်းဆုံး ဆယ်နှစ်တစ်ကြိမ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရမည်။

## ပုဒ်မ (၁၇၇) တရားဝင်ငွေကြေးနှင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်

(က) နိုင်ငံရေးတာဝန်ကိုထမ်းဆောင်နေသော ပုဂ္ဂိုလ်များသည် ၎င်းတို့ပိုင်ဆိုင်သော ငွေကြေးနှင့်ပစ္စည်းဥစ္စာများကို ဖော်ပြရန် တာဝန်ရှိစေရမည်။

(ခ) အထက်ပါ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ဖက်ဒ

ရယ် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်ဥပဒေပြု လွှတ်တော်များ မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၇၈) စာရင်းစစ်ချုပ်

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းလာသူကို ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ရမည်။

(ခ) စာရင်းစစ်ချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ငွေစာရင်းများကို လွတ်လပ်စွာ စစ်ဆေးပိုင်ခွင့် ရှိစေရမည်။ စာရင်း စစ်ဆေးတွေ့ရှိချက်များကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ် ပြည်ထောင်စု လွှတ်တော်များသို့ နှစ်စဉ် အစီရင်ခံ တင်ပြရမည်။

## ပုဒ်မ (၁၇၉) ဖက်ဒရယ်ပြည်ထောင်စုဗဟိုဘဏ်

(က) ဖက်ဒရယ်ပြည်ထောင်စု ငွေကြေးဆိုင်ရာကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသောဥပဒေနှင့်အညီ လွတ်လပ်သော ဖက်ဒရယ်ပြည်ထောင်စုဗဟိုဘဏ်တစ်ခု ထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဗဟိုဘဏ်သည် ဖက်ဒရယ်ပြည်ထောင်စု၏ ငွေကြေးတန်ဖိုးများ တည်ငြိမ်မှု ရှိစေရေး၊ ငွေကြေးဆိုင်ရာမူဝါဒများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ အခြားဘဏ်များအပေါ် ကြီးကြပ်ခြင်းနှင့် ငွေကြေးကုမ္ပဏီတို့ကို စည်းကမ်းကြပ်မတ်ပေးခြင်းအတွက် တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုဘဏ်သည် တစ်မျိုးတစားတည်းသော ငွေစက္ကူနှင့် ငွေဒင်္ဂါးများ ထုတ်လုပ်ရမည်။

**ပုဒ်မ (၁၈၀) လူထုဆန္ဒဖော်ထုတ်ခြင်း**

(က) နိုင်ငံသားတိုင်းသည် မိမိ၏ ထင်မြင်ယူဆချက်ကိုသော်လည်းကောင်း၊ အကြံပြုချက်ကိုသော်လည်းကောင်း တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာ အာဏာပိုင် (သို့မဟုတ်) လွှတ်တော်တစ်ရပ်ရပ်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) အထက် ပုဒ်မခွဲ (က) နှင့် စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၈၁) ဌာနေမြေယာ** (Native Title) **သတ်မှတ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးတွင် နေထိုင်ကြသော ဌာနေတိုင်းရင်းသားလူနည်းစုများ၏ မိရိုးဖလာနေထိုင်ပိုင်ဆိုင်ခဲ့ကြသည့်နယ်မြေကို ဖြစ်စေ၊ နယ်မြေ၏ တစ်စိပ်တပိုင်းကို ဖြစ်စေ အဆိုပါ တိုင်းရင်းသားလူနည်းစု၏ ဌာနေမြေယာအဖြစ် သတ်မှတ်ရမည်။

(ခ) ဌာနေမြေယာသတ်မှတ်ခြင်းကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်၏ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ရမည်။

# အခန်း(၁၄)
# အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဌာန်းချက်များ

## ပုဒ်မ (၁၈၂) အသွင်ကူးပြောင်းရေးကာလပြဌာန်းချက်များ

အသွင်ကူးပြောင်းရေးကာလသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြဌာန်းသော နေ့တွင်စတင်ပြီး ဤဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် ကျင်းပသော ဒုတိယအကြိမ် အထွေအထွေရွေးကောက်ပွဲ ပြီးသည့်ကာလအထိ ဖြစ်သည်။

## ပုဒ်မ (၁၈၃) တည်ဆဲဥပဒေများ

တည်ဆဲဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြေညာချက်များ၊ ညွှန်ကြားချက်များ နှင့် လုပ်ထုံးလုပ်နည်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

## ပုဒ်မ (၁၈၄) အသွင်ကူးပြောင်းရေးကာလ အာဏာ

(က) ဥပဒေပြဌာန်းချက်နှင့်အညီ အဖွဲ့ဝင်ပြည်ထောင်များသည် အသွင်ကူးပြောင်းရေးကာလတွင် လုပ်ပိုင်ခွင့် အာဏာနှင့် တာဝန်များကို စတင်ကျင့်သုံးနိုင်သည်။

(ခ) ယင်းလုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များကို စတင်ကျင့်သုံးနိုင်ရန် အဖွဲ့ဝင်ပြည်ထောင်များသည် ဥပဒေ သတ်မှတ်ချက်များကို ဖြည့်စွက်ပေးရမည်။

(ဂ) အဖွဲ့ဝင်ပြည်ထောင်များသည် နောက်ထပ်လုပ်ပိုင်ခွင့်အာဏာနှင့်

တာဝန်များကို လုပ်ဆောင်ရန် ဆုံးဖြတ်ပါက အမျိုးသားလွှတ်တော်မှ ခန့်အပ်ထားသည့် လွတ်လပ်သော ကျွမ်းကျင်သူများအဖွဲ့က ဥပဒေ သတ်မှတ်ချက်များကို ထပ်မံဖြည့်စွက်နိုင်ခြင်း ရှိမရှိကို စီစစ် ဆုံးဖြတ်ပေးရမည်။

**ပုဒ်မ (၁၈၅) တည်ဆဲတရားရုံးများ**

အဆင့်ဆင့်သော တရားရုံးများသည် ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရေးစနစ်တစ်ရပ် ဖွဲ့စည်းပေါ်ပေါက်သည်အထိ တရားစီရင်ပိုင်ခွင့်အာဏာများကို ဆက်လက်ကျင့်သုံးခွင့် ရှိစေရမည်။

**ပုဒ်မ (၁၈၆) ဝန်ထမ်းများ**

ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက တာဝန်ထမ်းဆောင်လျက်ရှိကြသော အစိုးရ အမှုထမ်းအားလုံးသည် မူလရာထူးတာဝန်များအတိုင်း ဆက်လက်အမှုထမ်းဆောင်စေရမည်။

**ပုဒ်မ (၁၈၇) လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း**

အသွင်ကူးပြောင်းရေးကာလအတွင်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် ယာယီလူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မရှင်တရပ်ဖွဲ့စည်းပြီး ဆောင်ရွက်စေရမည်။

**ပုဒ်မ (၁၈၈) ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အမျိုးသားပြည်နယ်များ၊ ပြည်နယ်တစ်ခုတည်းအတွင်းနေထိုင်လိုသူများနှင့်ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများဖွဲ့စည်းခြင်း**

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ(၄၇)အရ အမျိုးသားပြည်နယ်များ၊ အမျိုးသားများ ပြည်နယ်များ၊ ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းနိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီး

တို့သည် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၃) ပုဒ်မ (၅၀) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူမျိုးအသီးသီးတို့သည် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပြည်နယ်နှစ်ခုမှအထက် တဆက်တစပ်တည်း နေထိုင်ကြသော လူမျိုးတမျိုးသည် ပြည်နယ်တခုအတွင်း စုစည်းနေထိုင်လိုပါက နေထိုင်ခွင့်ရှိစေရမည်။

(ဃ) တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဆန္ဒသဘောထားအမှန်ကို ဖော်ထုတ်ရယူနိုင်ရန်အတွက် လိုအပ်သောဒေသများတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ ဆောင်ရွက်ရမည်။

(င) အဆိုပါ နယ်မြေဒေသအတွင်းရှိ သက်ဆိုင်ရာပြည်သူအများစု၏ ဆန္ဒသဘောထားကို ကောက်ယူပြီး ပြည်သူအများစု၏ ဆန္ဒနှင့်အညီ နယ်နိမိတ်ပိုင်းခြား သတ်မှတ်သည့်အတိုင်း အမျိုးသားပြည်နယ်များ၊ အမျိုးသားများပြည်နယ်များစာရင်းကို ဤဖယ်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ထည့်သွင်း ပြဋ္ဌာန်းရမည်။

# အခန်း(၁၅)
# ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ခြင်း

**ပုဒ်မ (၁၈၉) ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ပိုင်ခွင့်**

(က) အတိအကျပြဋ္ဌာန်းသတ်မှတ်သော ဥပဒေဖြင့်ဖြစ်စေ၊ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ခြင်းဖြင့်ဖြစ်စေ၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်နိုင်ခွင့်ရှိစေရမည်။

(ခ) အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန်ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံး အတိုင်းအတာဖြင့် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပြီးမှသာလျှင် ပြင်ဆင်ခွင့်ရှိစေရမည်။

(၁) ပုဒ်မ (၁) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ အမည်နှင့် သက်ဆိုင်သည့်ကိစ္စ၊

(၂) ပုဒ်မ (၄၈) တွင် ပြဋ္ဌာန်းထားသည့် ပြည်ထောင်များ၏ နိုင်ငံရေးအာဏာနှင့် သက်ဆိုင်သည့်ကိစ္စ၊

(၃) ပုဒ်မ (၄) ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့် ကိစ္စ၊

(၄) ပုဒ်မ(၃) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ နယ်နိမိတ်နှင့်သက်ဆိုင်သည့်ကိစ္စ၊

(၅) ပုဒ်မ (၁၄၃) တွင် ပြဋ္ဌာန်းထားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲခြင်းကိစ္စ၊

(၆) ပုဒ်မ (၄၇) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များကိစ္စ၊

(၇) ပုဒ်မ (၅၃) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု

လွှတ်တော်ဖွဲ့စည်းမှုကိစ္စ၊

(၈) ပုဒ်မ (၁၀၈) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု အစိုးရဖွဲ့စည်းမှုကိစ္စ။

(ဂ) အထက်ပါ ပုဒ်မခွဲ (ခ)တွင် အတိအကျသတ်မှတ်ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် အကြုံးမဝင်သော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံ ထောက်ခံမှုဖြင့် ပြင်ဆင်နိုင်ခွင့် ရှိစေရမည်။

## ပုဒ်မ (၁၉၀) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကော်မရှင်

(က) အဆိုတင်သွင်းလာသော ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုလွှတ်တော်အဖွဲ့ဝင်များ၊ ဖက်ဒရယ်အစိုးရ နှင့် ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးအဖွဲ့ဝင်များ ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မရှင်တစ်ရပ်ကို သမ္မတ၏အမိန့်ဖြင့် ဖွဲ့စည်းရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို တင်သွင်းလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မရှင်သည် အောက်ပါတို့ကို ဆောင်ရွက်ရမည်။

(၁) တင်သွင်းလာသော ပြင်ဆင်ချက်များကို ဤဖွဲ့စည်းပုံ ပုဒ်မ (၁၉၁) နှင့်အညီ လက်ခံရယူရမည်။

(၂) လက်ခံရရှိပြီး (၁၄) ရက်အတွင်း ယင်းပြင်ဆင်ချက် အဆိုပြုလွှာအပေါ် အကြံပြုချက်များကို ပေးနိုင်ရန် နှင့် အခြေအတင် ဆွေးနွေးနိုင်ရန် အဖွဲ့ဝင်ပြည်ထောင်များ၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံးထံသို့ ပေးပို့ရမည်။

(၃) ပြည်နယ်များ နှင့် ဖက်ဒရယ်အစိုးရမှ အဆိုပြုလွှာ မူကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး ဖွဲ့စည်းပုံပါ ပုဒ်မ (၁၉၁) နှင့်အညီ ဆောင်ရွက်ရမည်။

(၄) အတည်ပြုပြီးသွားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စနစ်တကျ ရေးသားထည့်သွင်းရမည်။

**ပုဒ်မ (၁၉၁) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအတည်ဖြစ်ခြင်း**

(က) အမျိုးသားလွှတ်တော်ကဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေကြမ်းတစ်ခုအဖြစ်အဆို တင်သွင်းနိုင်ပြီး ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံတစ်ပုံ (သို့မဟုတ်) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ သုံးပုံတစ်ပုံက ထောက်ခံရမည်။

(ခ) ဖွဲ့စည်းပုံပြင်ဆင်ရန် အဆိုပြုလွှာကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကော်မရှင်ထံ တင်သွင်းပြီး ကော်မရှင်မှ ဤဖွဲ့စည်းပုံ ပုဒ်မ (၁၉၀) နှင့်အညီ ဆောင်ရွက်သွားမည်။

(ဂ) ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းဖြင့် အတည်ဖြစ်စေရမည်။

(၁) လွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး သုံးပုံတစ်ပုံထောက်ခံမှုဖြင့် အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ပြည်နယ်များသည် အမျိုးသားလွှတ်တော်ကတဆင့်သော်လည်းကောင်း၊ ပြည်သူလူထုသည် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ တဆင့်သော်လည်းကောင်း ပြင်ဆင်ချက်ဥပဒေကြမ်းကို စတင်အဆိုပြု တင်သွင်းနိုင်သည်။

(၂) ပြင်ဆင်ချက်ဥပဒေကြမ်းကို သဘောထားများရရှိရန် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ နှင့် အခြားလွှတ်တော်တစ်ရပ်သို့ အကြောင်းကြား အသိပေးရမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များသည် ဥပဒေကြမ်း အဆိုပြုချက်ကို လက်ခံရရှိပြီးနောက် ၎င်းတို့၏သဘောထားများကို (၄၅) ရက်အတွင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ ပြန် လည်ပေးပို့ရမည်။ ယင်းဥပဒေကြမ်းအဆိုပြုချက်ကို လွှတ် တော်မှ အများဆန္ဒမဲဖြင့် အတည်ပြုနိုင်သည်။ ပယ်ချနိုင် သည်။

(၄) ပုဒ်မ ၁၈၉ (ခ) ပါ ပြဋ္ဌာန်းချက်များအတွက် ဖက်ဒရယ်ပြည် ထောင်စုလွှတ်တော်၏ လွှတ်တော် တစ်ရပ်စီတွင် ကိုယ်စား လှယ်ဦးရေ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမှုရရှိလျှင် ပြည်နယ်လွှတ်တော်များသို့ ဆက်လက်ပေးပို့ရမည်။ ဖက်ဒ ရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံ ထောက်ခံမှုရရှိပါက လူဆန္ဒခံယူပွဲကို ကျင်းပရမည်။ လူထု ဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲ ထက်ဝက်ကျော်ရရှိပါက ဥပဒေကြမ်းသည် အတည်ဖြစ်စေရမည်။

(၅) ပုဒ်မ ၁၈၉ (ဂ) ပါ ပြဋ္ဌာန်းချက်များအတွက် ဖက်ဒရယ်ပြည် ထောင်စုလွှတ်တော်၏ လွှတ်တော် တစ်ရပ်စီတွင် ကိုယ်စား လှယ်ဦးရေ အနည်းဆုံး သုံးပုံနှစ်ပုံ ထောက်ခံမှုရရှိလျှင် ပြည် နယ်လွှတ်တော်များသို့ ဆက်လက်ပေးပို့ပြီး ဖက်ဒရယ်ပြည် ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံထောက်ခံ မှုကိုရရှိပြီး လူထုဆန္ဒခံယူပွဲတွင် ထောက်ခံဆန္ဒမဲ ထက်ဝက် ကျော်ရရှိပါက ဥပဒေကြမ်းသည် အတည်ဖြစ်စေရမည်။

(၆) အထက်ပါ ပုဒ်မ(၁၉၁) ပုဒ်မခွဲ(ဂ) အပိုဒ်ခွဲ(၄)နှင့်(၅)အရ အတည်ပြုပြီးသော ဥပဒေကြမ်းကို ဖက်ဒရယ်ပြည်ထောင်စု သမ္မတက ပုဒ်မ(၁၀၂) အပိုဒ်ခွဲ(၃) ပါအတိုင်း ပြင်ဆင်ချက် ကို အတည်ပြုပြီးကြောင်း ထုတ်ပြန်ကြေငြာရမည်။

## ပုဒ်မ (၁၉၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များ

(က) ပုဒ်မ (၁၆၅) တွင်ပြဌာန်းထားသည့်အတိုင်း နိုင်ငံတော်အရေးပေါ် အခြေအနေကြေငြာထားသည့် ကာလဖြစ်စေ၊ စစ်မက်ကာလဖြစ်စေ (သို့မဟုတ်) လူထု၏အသက်ကိုအန္တရာယ်ဖြစ်စေသော အခြား အရေးပေါ် အခြေအနေကာလတစ်ခုခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းများမပြုလုပ်ရ။ ပြင်ဆင်မှုလုပ်ဆောင်နေပါက ထိုလုပ်ရပ်ကို ချက်ချင်းရပ်စဲရမည်။

(ခ) နိုင်ငံသား၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်မှုများကို ထိပါး စေသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုများမဖြစ်စေရ။ ယင်းသို့ပြင်ဆင်ရန်လိုအပ်ပါက နိုင်ငံသား၏အခြေခံအခွင့်အရေး နှင့် လွတ်လပ်မှုများကို ပိုမိုအကာအကွယ်ပေးမည့် ပြင်ဆင်မှုများ သာဖြစ်စေရမည်။

(ဂ) အဆိုပြုတင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ဥပဒေကြမ်းကို အတည်ပြုနိုင်ခြင်း မရှိလျှင် ထိုပြင်ဆင်ချက် ဥပ ဒေကြမ်းကို (၂) နှစ်အချိန်ကာလကျော်လွန်ပြီးမှသာ ထပ်မံ အဆို တင်သွင်းခြင်း ပြုနိုင်သည်။

---

[1] ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး အခြေခံမူ (၄)ချက်
၁။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံထားရှိရမည်။
၂။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။
၃။ ပြည်သူများ ဒီမိုကရေစီအခွင့်အရေးကို ကာကွယ်ပြဌာန်းရမည်။
၄။ ပြည်နယ်အတွင်းရှိ လူမျိုးစုများ၏ အခွင့်အရေးကို ဖော်ဆောင်ပေးရမည်။